မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၅ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၆)

အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင်တည်ဆောက်

ရေဝတီတံတား (ပခုက္ကူ) ကို တံတား တည်ဆောက်သူက တံတားဆောက်၊ လမ်း ဖောက်လုပ်သူက လမ်းဖောက်၊ တည်ဆောက် ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း အမြန် လုပ်ကိုင် ဆောင်ရွက်နိုင်အောင် စီမံသွားကြ။ နိုင်ငံတော်၏ အရှည်ဆုံး တံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တည် ဆောက်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဝတီတံတား (ပခုက္ကူ)၏ တံတားအုကြောင်း ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝတီတံတား(ပခုက္ကူ)သည် နိုင်ငံတော်၏ အရှည်ဆုံးတံတားကြီးဖြစ်၍ စံချိန်စံညွှန်းမီလုပ်ကိုင် နိုင်ငံနှင့်လူမျိုး၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းရှိသည့် ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင် နိုင်ငံတော်၏ စံနမူနာစီမံကိန်းကြီးအဖြစ် မှတ်တမ်းပြုနိုင်ရန် ပီပီစီးစီး အလေးထားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၁၃ရက် နံနက် ၉နာရီ ၁၀မိနစ်တွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၁၀နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်)

ဘင်းမ်စတက်ခ်နိုင်ငံများအကြား နားလည်မှု၊ ယုံကြည်မှုနှင့်တည်ထောင် မျှော်မှန်းချက်များအောင်မြင်ရေး ပူးပေါင်းကြိုးပမ်း

ဘင်းမ်စတက်ခ်အဖွဲ့သည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသအကြား အရေးပါသည့် ပေါင်းကူးဖြစ်ပြီး နိုင်ငံအချင်းချင်း အပြန်အလှန် အထောက်အကူပြုမှု အများအပြားရှိသည့် ဒေသဖြစ်သည်။ ခိုင်မာသော စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း ယှက်နွယ်မှုများသည် အစိုးရအချင်းချင်းသာမက ပြည်သူလူထုအချင်းချင်းကို ပိုမိုထိတွေ့စည်းလုံးမှု ဖြစ်ပေါ်စေသည်။

ဘင်းမ်စတက်ခ်အဖွဲ့ကြီးကို မြင့်မားသောရည်ရွယ်ချက်များဖြင့် ၁၉၉၇ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး နိုင်ငံတကာစိတ်ဝင်စားမှုနှင့် အသိအမှတ်ပြုမှုကိုလည်း ရရှိထားပြီး အဖွဲ့ကြီး၏သက်တမ်းသည် နုနယ်သော်လည်း ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန် တိုးတက်ရရှိနေပြီဖြစ်သည်။

(၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးကို ဒီဇင်ဘာလ ၁၁ ရက်နေ့က နေပြည်တော်ရှိ ရွှေနန်းတော် **Mingalar Palace** ခန်းမ၌ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပခဲ့သည်။

ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေသည် စုစုပေါင်း ၁ ဒသမ ၃ ဘီလီယံရှိသည်။ သယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသည့် အဖွဲ့အစည်းကြီးအဖြစ် ဒေသအတွက် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရန် အထူးလိုအပ်ပြီး အချင်းချင်း အပြန်အလှန်ယုံကြည်ကိုးစားမှု၊ ညှိနှိုင်းတိုင်ပင်မှုနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသ၏သာယာဝပြောမှုနှင့် ဖွံ့ဖြိုးမှုများအတွက် ရေရှည်မျှော်မှန်းချက်ကို ပြည့်မြောက်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများအကြားတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးသည် ဒေသကြီးတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် သာယာဝပြောမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဘင်းမ်စတက်ခ် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ဖော်ဆောင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကြိုဆိုပြီး အားသွန်ခွန်စိုက် လက်တွဲကြိုးပမ်းလျက်ရှိသည်။

ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများအကြားတွင် နားလည်မှုမြှင့်တင်ရန်၊ ယုံကြည်မှုတိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဘင်းမ်စတက်ခ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံက လက်တွဲပူးပေါင်း ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များနှင့်အရိပ်ရပင်များ ပျိုးထောင်ခြင်းကို အမှုဆောင်အရာရှိ ဦးမျိုးဝင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီ ရုပ်မြင်သံကြား

၁၅-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လျှပ်တစ်ပြက်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၂၅ ၅။ အင်္ဂလိပ်စာသုတ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှူခင်းရဲ** (အပိုင်း-၂၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၁၁)

နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားကတ်ပေးအပ်ပွဲ ပင်လုံ၌ကျင်းပ

ပင်လုံ ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ပင်လုံအရှေ့ကျေးရွာအုပ်စု ဝမ်အင်အခြေခံပညာမူလတန်းကျောင်းတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ ပင်လုံမြို့နယ်ဦးစီးမှူး ဦးငွေဝင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ လွိုင်လင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်က မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ ၅၂ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ထားဝယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ထားဝယ်အသင်း(ရန်ကုန်)၏ (၈၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူဘွဲ့ရသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်းဝက်စ်တင်းပတ်က်ရှိုင်ရယ် ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေး ခံစားခွင့်လျှောက်ထားလိုသည့် အသင်းဝင်တို့၏သားသမီးများသည် အသင်းရုံး၌ သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူနိုင်ပြီး လျှောက်ထားလိုသူများနှင့် အစည်းအဝေးတွင် အကြံပြုလိုသည့်စာများကို ဒီဇင်ဘာ ၂၄ ရက်နောက်ဆုံးထား၍ အသင်းသို့ အထောက်အထားများနှင့်တကွ ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တီးတိန်မြို့နယ်စည်ပင်သာယာ ရေလှောင်ကန် တည်ဆောက်

တီးတိန် ဒီဇင်ဘာ ၁၄

ချင်းပြည်နယ် တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျိန်းပီးကွက်ကျေးရွာအုပ်စု တွီးကျင့်လွီးကျေးရွာ၌ အများသုံးအုတ်ရေလှောင်ကန် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွန်ဆန်းတို့ ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် (၆၄)နေ ဦးခင်မောင်အေး-ဒေါ်ဝါဝါညွန့်၊ သမီးမခင်ရတနာမိသားစုက ဖခင်ဦးလှရွှေနှင့် မိခင်ဒေါ်အုန်းကြည်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလှူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

လှော်ကထားအထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာအထက်တန်းကျောင်း၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ပုသိမ်အဝေရာ ဦးသိန်းဝင်း ဖုန်း-၀၉-၈၅၁၃၃၈၊ ဒေါ်အေးအေးခိုင် (တာဝန်ခံကျောင်းအုပ်၊ အထက၊ လှော်ကထား)၊ ဒေါ်ခင်သန်းဦး(ကျောင်းအုပ်ကြီး အထက-၃၊ ကြည့်မြင်တိုင်) ဖုန်း-၂၂၀၃၈၀၊ ဦးလှထူး(ဟသ်ာတ) ဖုန်း-၀၉-၈၅၈၀၈၃၅၊ ဦးလှသိန်း(စိန်တောင်) ဖုန်း-၀၉-၈၅၈၁၃၃၁၊ ဦးခင်မောင်လွင်(လှော်ကထား) ဖုန်း-၀၉-၈၅၈၆၅၇၆ ရန်ကုန်၊ ဦးရဲလင်းအောင် ဖုန်း-၀၉-၅၀၃၀၇၄၇နှင့် ဖြစ်မြောက်ရေးကော်မတီတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးမြင့်ဇော်တို့ ဒီဇင်ဘာ ၈ ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကွံ့ခိုင်ရေးဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

15-12 (02).pmd 1 12/15/2009, 1:54 PM

ဒီဇင်ဘာ ၁၄ရက်က နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင်အတွင်းရေးမှူးချုပ် Dr.Noeleen Heyzerအား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းကျော်ဖုံး)(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ်ရှိ ရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ဒီဇင်ဘာ ၁၂ရက်တွင် ပျော်ဘွယ်မြို့နယ်အတွင်း ယဉ်ကျေးမှု ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုသည်။ (အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီးသည် ပျော်ဘွယ် မြို့နယ် ရွာသစ်ကျေးရွာသို့ ရောက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ရွာသစ်ကျေးရွာ ရွာဦး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီ ခုနှစ်ဆူ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရှေးဟောင်းစေတီများ မူလရှေးဟောင်းလက်ရာမပျက်အောင် ပြုပြင်ရေးနှင့် ပြုပြင်ပြီးစီးပါက နှစ်စဉ်ထိန်းသိမ်းရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည်လင့်စင်ကုန်းကျေးရွာ၌ ဉာဏ်တော် ၅၄ပေ ရှေးဟောင်း စေတီ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ နယ်မြေရှိ ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်) အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးသန့်က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၀၈ခုနှစ် ဇဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အစည်းအဝေးက အတည်ပြုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက်၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ၇အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vietnam Airlines မှ Vice President Mr. Duong Tri Thanh ခေါင်းဆောင်သည့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ လေကြောင်းလိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း၊ ရုံးအဖွဲ့မှူး ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းကြက်ခြေနီ ကိုယ်စားပြု (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်း ပါဝင်ချီတက်ကြမည့် တပ်ဖွဲ့ဝင်များ ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်း ကြက်ခြေနီတပ်ဖွဲ့က ရန်ကုန်တိုင်း ကြက်ခြေနီ ကိုယ်စားပြု (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်ဖွဲ့ဝင်များ၏ ဩဝါဒခံယူပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် ပိတောက်လမ်း စည်ပင်အားကစားဝင်းရှိ တိုင်းကြက်ခြေနီတပ်ဖွဲ့ရုံး၌ကျင်းပရာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယရဲမှူးကြီး ကျော်ခိုင်ဦး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း) မျိုးမင်းနောင်၊ ခရိုင်ဦးစီးမှူး (ဒုတိယတန်း)များ၊ မြို့နယ် (၄၄)မြို့နယ်ရှိ တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဒုတိယ တပ်ရင်းမှူးများနှင့် စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အားပေးစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယရဲမှူးကြီး ကျော်ခိုင်ဦးက တပ်ဖွဲ့လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအမျိုးသမီး ပြေးခုန်ပစ်အဖွဲ့ ငွေတံဆိပ်နှစ်ခု ထပ်မံရရှိ

➤ သတင်းနှင့်ဓာတ်ပုံ- စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)

ဗီယင်ကျန်း ဒီဇင်ဘာ ၁၄ (ဖက်စ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပလျက်ရှိရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ဒီဇင်ဘာ ၁၄ရက်တွင် အမျိုးသမီး မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။

မြန်မာအသင်း

အမျိုးသမီး မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် ထိုင်းအသင်းက ၃နာရီ ၃၈ဒသမ ၅၁စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ၃နာရီ ၄၃ဒသမ ၂၉စက္ကန့်ဖြင့် ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ၃နာရီ ၄၉ဒသမ ၂၈စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့ပြီး အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် TRIYANINGSIH အင်ဒိုနီးရှားက ၁၅နာရီ ၅၆ဒသမ ၇၉စက္ကန့်ဖြင့် ရွှေတံဆိပ်၊ နိုင်နိုင်ဝင်း (မြန်မာ)က ၁၆နာရီ ၃၈ဒသမ ၀၂စက္ကန့်ဖြင့် ငွေတံဆိပ်၊ M FETALVERO (ဖိလစ်ပိုင်)က ၁၇နာရီ ၁၂ဒသမ ၀၉စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့ခြင်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

အမျိုးသမီး မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ဆွတ်ခူးခဲ့သည့် မြန်မာ ပြေးခုန်ပစ်အဖွဲ့။(မြန်မာ့အလင်း)

ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခု ဆွတ်ခူးရရှိထားသည့် မြန်မာသေနတ်ပစ်အဖွဲ့။ (သတင်းဖော်ပြပြီး) (အား/ကာ)

မီတာ ၅၀၀၀ အမျိုးသမီး အပြေးပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားမယ် နိုင်နိုင်ဝင်း။ (အား/ကာ)

မီတာ ၄၀၀ လက်ဆင့်ကမ်း အမျိုးသမီးအပြေးပြိုင်ပွဲ၌ဒုတိယငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်။ (အား/ကာ)

ကရင်နှစ်သစ်ကူးနေ့နှင့် ခရစ္စမတ်နေ့ လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဒီဇင်ဘာ ၁၆ရက် (ကရင်နှစ်သစ်ကူး နေ့)နှင့် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့) တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် အတွက် နံနက် ၈နာရီမှ ညနေ၅နာရီ အထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သုတ၏သတင်းထောက်ပညာ စာအုပ်ဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၁၄

အောင်သုတ ရေးသားပြုစုသည့် သတင်းထောက် ပညာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

တင်ပြ

ယင်းစာအုပ်တွင် ပြည်သူ့အကျိုးကို ရှေးရှုသည့် သတင်းအတတ်ပညာနှင့် သတင်းထောက်၊ မြန်မာရာဇဝင်တင်သည့် သတင်းထောက်ကြီးများ၊ သတင်းထောက်၏ လုပ်ငန်းတာဝန်များ၊ သတင်းထောက်၏ အရည်အသွေးများ၊ သတင်းထောက် တာဝန်နှင့် ပုံမှန်သတင်းအရင်းအမြစ်များ၊ သတင်းတန်ဖိုးတွက်ချက်ခြင်း၊ သတင်းစုဆောင်းခြင်း၊ လူတွေ့မေးမြန်းခြင်း၊ သတင်းရေးနည်းနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးစသည့် အခန်း ၁၈ခန်းခွဲ၍ စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ရွှေပြည်စံစာပေ အမှတ် (၃၂၉) ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။ **(သတင်းစဉ်)**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၄၂	၄၉	၄၈	၁၃၉
ဗီယက်နမ်	၃၂	၃၁	၃၈	၁၀၁
စင်ကာပူ	၂၈	၁၉	၂၅	၇၂
မလေးရှား	၂၂	၂၇	၃၅	၈၄
အင်ဒိုနီးရှား	၂၁	၂၁	၃၆	၇၈
ဖိလစ်ပိုင်	၁၈	၁၉	၂၃	၆၀
လာအို	၁၅	၇	၂၇	၄၉
မြန်မာ	၆	၁၀	၂၁	၃၇
ကမ္ဘောဒီးယား	၂	၅	၁၁	၁၈
ဘရူနိုင်း	၁	၁	၅	၇
တီမောလက်စတေ	၀	၀	၃	၃

တရုတ်နှင့်အီတလီ ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်မည်

အင်ကာရာ ဒီဇင်ဘာ ၁၄

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဝမ်ကျိုးမြို့နှင့် အီတလီနိုင်ငံတောင်ပိုင်း နေပယ်မြို့အကြား ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လုပ်ဆောင်ရန် ဒီဇင်ဘာ ၁၁ရက်က သဘောတူညီကြောင်း သတင်းရရှိသည်။

မြှင့်တင်

အဆိုပါ သဘောတူညီမှုအရ ကျောင်းသားကျောင်းသူလေးများ၏ အပြန်အလှန်စေလွှတ်ရေးအတွက် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်လိုအပ်သည်။

ဤသဘောတူညီမှုသည် တရုတ်နှင့်အီတလီ နှစ်နိုင်ငံဆက်ဆံရေး အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍ ဆက်ဆံရေးတွင် ရှေ့သို့လှမ်းသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း နေပယ်မြို့တော်ကောင်စီဥက္ကဋ္ဌ ကိုနာဒိုက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် အချိုရည်ဘူးခွံများဖြင့် ကားပုံစံငယ်ပြုလုပ်ထားမှုကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ အာဖဂန်၌ ဖမ်းဆီးခံရ

ကဘူးလ် ဒီဇင်ဘာ ၁၄

မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့သည် အာဖဂန်နစ္စတန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်ရှိ နာမည်ဆိုးဖြင့် ကျော်ကြားသော ဘာရမ်ချားမူးယစ်ဆေးဝါးမှောင်ခိုဈေး၌ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ ဟာဂျီမိုဟာမက်ယူဆွတ်အား သူ၏ အစောင့်အရှောက်အချို့နှင့်အတူ ဖမ်းဆီးလိုက်ကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူးက ဒီဇင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

ပြောကြား

ဟာဂျီယူဆွတ်သည် နင်မ်းရို့ဇ်ပြည်နယ်တွင် နေထိုင်သူဖြစ်သည်။ သူသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု လုပ်ကိုင်ကာ နာမည်ဆိုးဖြင့် ကျော်ကြားနေသူဖြစ်သည်ဟု နင်မ်းရို့ဇ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂူလမ်ဒတ်စ်ဂီးအာဇတ်က ပြောကြားသည်။

ဖမ်းဆီး

ဟာဂျီယူဆွတ်သည် သူ၏အစောင့်အရှောက်အချို့နှင့်အတူ ဘာရမ်ချားမူးယစ်ဆေးဝါးမှောင်ခိုဈေး၌ ကားနှစ်စီးဖြင့် တရားမဝင် မူးယစ်ဆေးဝါးများ မှောင်ခိုရောင်းချနေစဉ် ၄င်းအား နေတိုးတပ်ဖွဲ့ဝင်များကတိုက်ခိုက်ပြီး ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

(အင်တာနက်)

တရုတ်နိုင်ငံတောင်ပိုင်း မကာအိုၛ တရုတ်နိုင်ငံသို့ မကာအို ပြန်လည်ပေါင်းစည်းသည့် (၁၀)နှစ်ပြည့်အခမ်းအနားအဖြစ် တရုတ်လေတပ်မှ တပ်ဖွဲ့ဝင်များက လေထီးစွမ်းရည်ပြသနေမှုကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တောင်ဝါဇီရစ္စတန် စစ်ဆင်ရေးမပြီးဆုံးသေး ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၄

ပါကစ္စတန်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ တောင်ဝါဇီရစ္စတန်ဒေသရှိ အကြမ်းဖက်သမားများအား တိုက်ခိုက်နေသည့် စစ်ဆင်ရေးများ အဆုံးသတ်ရေး ဆောင်ရွက်ရာတွင် အချိန်ကာလသတ်မှတ်ချက်မရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ဆယက်ယူဆွတ် ရာဇာဂီလာနီက ဒီဇင်ဘာ ၁၃ရက်၌ ကြေညာလိုက်သည်။

ယင်းစစ်ဆင်ရေးသည် အဆိုပါဒေသတွင် ဆက်လက်အောင်ပွဲဆင်လျက်ရှိကြောင်း ဂီလာနီကပြောကြားသည်ဟုလည်း ဆန်းဒေးနယူးစ်သတင်းစာ၌ ဖော်ပြထားသည်။

ငြင်းပယ်

တောင်ဝါဇီရစ္စတန်အတွင်း စစ်ဆင်ရေးလုပ်ငန်းများသည် ပြီးဆုံးသွားပြီဆိုသည့် ယူဆချက်ကို ဂီလာနီက လက်မခံဘဲ ငြင်းပယ်ကာ ယင်းယူဆချက်သည် အထင်အမြင်လွဲမှားမှုတချို့အပေါ် အခြေခံထားသည့် ယူဆချက်များသာဖြစ်သည်ဟု ပြောကြားလိုက်သည်။ အဆိုပါအကြမ်းဖက်သမားများအား စစ်ရေးအရ စစ်ဆင်ရေးလုပ်ငန်းများသည် လိုအပ်သည့်နေရာတိုင်းတွင် လုပ်ကိုင်သွားရမည့်လုပ်ငန်းဖြစ်သည်ဟုလည်း ဂီလာနီကဆက်လက် ပြောကြားသည်။

သိမ်းဆည်း

တောင်ဝါဇီရစ္စတန်ရှိ အကြမ်းဖက်သမားများနှင့် အစွန်းရောက်ဝါဒီများ၏ မဟာဗျူဟာမြောက်စခန်းများကို ပါကစ္စတန်တပ်ဖွဲ့က ဖျက်ဆီးလိုက်နိုင်ပြီဖြစ်ကြောင်း၊ ယင်းတို့နယ်မြေများမှ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို တွေ့ရှိသိမ်းဆည်းလိုက်ကြောင်းဖြင့်လည်း ဂီလာနီက ပြောကြားသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ လေကြောင်းမှတိုက်ခိုက်

ကဘူးလ် ဒီဇင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်တွင် ဒီဇင်ဘာ ၁၃ရက်တွင် နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တာလီဘန်အကြမ်းဖက်သမား ၁၀ဦး သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

သေဆုံး

ကူနာပြည်နယ် ဆိုကီဒေသ၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံတကာလုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းတပ်ဖွဲ့အား အကြမ်းဖက်သမားများက တိုက်ခိုက်ရန် စီစဉ်နေချိန်တွင် လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနေရာ၌ပင် အကြမ်းဖက်သမား ၁၀ဦး သေဆုံးခဲ့ကြောင်း ပူးပေါင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ကူဆင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သဘာဝဆေးဖက်ဝင်ပစ္စည်းများထုတ်လုပ်မှု မလေးရှားနိုင်ငံ၌ အလားအလာကောင်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၄

မလေးရှားနိုင်ငံတွင် သဘာဝဆေးဖက်ဝင်အပင်များဖြင့်ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းလုပ်ငန်းသည် ခန့်မှန်းခြေအားဖြင့် နှစ်စဉ် ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ တိုးတက်နေသဖြင့် အလားအလာကောင်းများ ရရှိနေကြပြီဖြစ်သည်။

ဆေးဖက်ဝင်အပင်များကို ဆေးဝါးအဖြစ် အသုံးပြုခြင်းသည် တဖြည်းဖြည်း ကမ္ဘာကို ပျံ့နှံ့လာနေပြီဖြစ်သည်ဟု ကွာလာလမ်ပူမြို့အနီး ဒီဇင်ဘာ ၁၂ရက်က ဖွင့်လှစ်သည့် တတိယအကြိမ် ကမ္ဘာ့ဇီဝဆေးဖက်ဝင်အပင်များဆိုင်ရာ စီးပွားရေးဖိုရမ်၌ မလေးရှားကျန်းမာရေးဝန်ကြီး လီယောတီအွန်လိုင်က ပြောကြားသည်။

အချမ်းသာဆုံး

မလေးရှားနိုင်ငံ၌ သစ်တောများတွင် ပေါက်ရောက်သည့် စီးပွားဖြစ်ရောင်းချနိုင်သော ဆေးဖက်ဝင်အပင် ၅၂၀၀၀ ရှိရာ မလေးရှားနိုင်ငံသည် အာရှတိုက်၌ သစ်တောထွက်ပစ္စည်း စတုတ္ထအချမ်းသာဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်၌ ၁၂နိုင်ငံမြောက် အချမ်းသာဆုံးနိုင်ငံ ဖြစ်သည်ဟု အွန်လိုင်က ပြောကြားသည်။

ဆေးဖက်ဝင်အပင်များဖြင့် ထုတ်လုပ်သည့် ဆေးဝါးများနှင့်ပတ်သက်သည့် မလေးရှားဈေးကွက်သည် ၂၀၀၅ခုနှစ်တွင်အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၁၃သမ ၂၉ဘီလီယံဖိုးခန့်ရှိကြောင်း၊ နှစ်စဉ် ၁၀ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ တိုးလာ လိမ့်မည်ဟု မျှော်လင့်ရကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မဟာဗျူဟာ လက်နက်လျှော့ချရေး အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်တော့မည်

ဝါရှင်တန် ဒီဇင်ဘာ ၁၄

အိမ်ဖြူတော်နှင့် ကရင်မလင်နန်းတော်တို့သည် ဗျူဟာလီးယားလက်နက်လျှော့ချရေး စာချုပ်သစ်ချုပ်ဆိုနိုင်ရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။

မဟာဗျူဟာလက်နက်လျှော့ချရေး သဘောတူစာချုပ်(စတတ်)သစ် ချုပ်ဆိုနိုင်ရေး လမ်းခင်းပေးနိုင်ရန်အတွက် ကျန်ရှိနေသေးသည့် ခလုတ်တံသင်းများကို ရှင်းလင်းဖို့ နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းရေးမှူးများက ဆောင်ရွက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဒီဇင်ဘာ ၁၀ရက်တွင် ပြောကြားသည်။

ကတိပေး

စတတ်သဘောတူစာချုပ်သစ်ကို အပြီးသတ်ချုပ်ဆိုရန် နှစ်ဦးနှစ်ဖက်စလုံးက ကတိပေးထားကြကြောင်း၊ အချိန်ပြဿနာသာ ကျန်တော့ကြောင်းဖြင့်လည်း နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။ *(အင်တာနက်)*

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့အနီးရှိ မစ်ဒ်ရန်မြို့၌ ကျင်းပသည့် ကမ္ဘာ့အလှမယ်ရွေးချယ်ပွဲတွင် ရွေးချယ်ခံရသည့် ဂျီဘရော်တာအလှမယ် (အလယ်)ကို ဒီဇင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

15-12 (04).pmd 1 12/15/2009, 1:54 PM

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

၁၉ရာစုနှစ်က ဥရောပနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားများကိုလေ့လာပါလျှင်....

၁၉ ရာစုနှစ်အတွင်းတွင် ဥရောပနိုင်ငံများ အထူးသဖြင့် ဂျာမနီ၊ အီတလီ၊ ရုရှား၊ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့၏ အမျိုးသားအကျိုးစီးပွားမှာ ကွဲပြားခြားနားကြသည်ကို တွေ့နိုင်သည်။

ဂျာမနီ

ဂျာမနီနိုင်ငံသည် ပြင်သစ်-ပရုပ်ရှားစစ်ပွဲကြောင့် ၁၈၇၁ခုနှစ်တွင် စည်းလုံးညီညွတ်ပြီး ဥရောပတိုက်၌ စီးပွားရေးနှင့် စစ်ရေးအင်အားအတောင့်တင်းဆုံးနိုင်ငံ လျင်မြန်စွာဖြစ်လာသည်။ ၁၈၇၁ခုနှစ်မှ ၁၈၉၀ပြည့်နှစ်အတွင်း ဂျာမနီသည် အခြားသော အင်အားကြီးနိုင်ငံများနှင့် မဟာမိတ်များဖွဲ့ခြင်းဖြင့် ဥရောပတိုက်တွင် ယင်း၏ အုပ်စုခေါင်းဆောင်မှုအနေအထားကို ထိန်းထားလိုသည်။ ၁၈၉၀ ပြည့်လွန်နှစ်များအရောက်တွင် ပိုမိုကျူးကျော်လိုပြီး တစ်ကမ္ဘာလုံး သြဇာလွှမ်းလိုသဖြင့် အခြားသော အင်အားကြီးနိုင်ငံများနှင့် အကြီးအကျယ် ပဋိပက္ခဖြစ်သည်အထိ ဂျာမနီ၏နိုင်ငံချစ်စိတ်ကပြင်းထန်ခဲ့သည်။

အီတလီ

အီတလီနိုင်ငံသည် ၁၈၇၀ ပြည့်နှစ်တွင် စည်းလုံးညီညွတ်မှု ရရှိသည်။ အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူနိုင်ရုံမျှသာ အင်အားရှိသည့် နိုင်ငံဖြစ်သည်။ ယင်း၏ ပါလီမန်စနစ်မှာ မခိုင်မာသည့်အပြင် အလုပ်မတွင်ကျယ်ပေ။ စက်မှုလုပ်ငန်းတိုးတက်မှုက နှေးကွေးနေသေးသည်။

သို့သော် နယ်မြေပိုင်နက်တိုးချဲ့ရန် ရည်ရွယ်ချက်ရှိသည်။ မြောက်အာဖရိကမှ တူးနစ်နှင့် ထရီပိုလီကိုရယူပိုင်ဆိုင်လိုသည်။ တူးနစ်သည် ပြင်သစ်ကိုလိုနီအယ်ဂျီးရီးယားနှင့် ကပ်လျက်တည်ရှိသဖြင့် ပြင်သစ်နှင့် ဝိရောဓိဖြစ်ရသည်။ ထို့ပြင် အီတလီက ထရီစတီ၊ ထရင်ရှီနှင့် တိုင်ရောလ်နယ်မြေသုံးခုကို သြစတြီးယား-ဟန်ဂေရီနိုင်ငံလက်မှ ပြန်လိုချင်သည်။ ယင်းဒေသသုံးခုတွင် နေထိုင်သူအများစုမှာ အီတလီလူမျိုးများဖြစ်ကြသော်လည်း သြစတြီးယား-ဟန်ဂေရီနိုင်ငံ၏ နှစ်ခွသက်ဦးဆံပိုင်စနစ်အောက်မှ ရုန်းမထွက်နိုင်အောင်ရှိနေသည်။ သို့ဖြင့် အီတလီသည် သြစတြီးယား-ဟန်ဂေရီနိုင်ငံနှင့် ပဋိပက္ခဖြစ်ခဲ့ရသည်။

သြစတြီးယား-ဟန်ဂေရီ

သြစတြီးယား - ဟန်ဂေရီနိုင်ငံကို ၁၈၆၇ခုနှစ်တွင် နှစ်ခွသက်ဦးဆံပိုင်စနစ်ဖြင့် အုပ်ချုပ်သည့်နိုင်ငံအဖြစ် ထူထောင်လိုက်သည်။ ဤစနစ်က လူမျိုးအများအပြားမှီတင်းနေထိုင်ကြသည့် အင်ပါယာကြီးပင်ဖြစ်လင့်ကစား သြစတြီးယန်းများနှင့် ဟန်ဂေရီတို့သာလျှင် အုပ်ချုပ်ရေးအခွင့်အရေးရှိသည်။ အခြားသော ချက်၊ ဆလိုဗက်၊ ဆာ့ဘ်၊ ခရိုအက်၊ ရိုမေးနီးယားနှင့်ပိုးလ်လူမျိုးစုတို့မှာ နိုင်ငံရေးလွတ်လပ်ခွင့် ဆုံးရှုံးနေသည်။ သို့ဖြင့် နှစ်ခွသက်ဦးဆံပိုင်စနစ်က ပြည်တွင်း၊ ပြည်ပအမျိုးသားရေးလှုပ်ရှားမှုများကို နှိမ်နင်းချေမှုန်းပစ်သည်။ ဤစနစ်၏ အဓိက ရည်မှန်းချက်မှာ အမျိုးသားရေး လှုပ်ရှားမှုများ ထူပြောရာ ဘော်လကန်ကျွန်းဆွယ်ကို နိုင်ငံရေးထိန်းချုပ်နိုင်ရေးပင်ဖြစ်သည်။ ဘော်လကန်ဒေသမှ အမျိုးသားရေး လှုပ်ရှားမှုများ၏ ဌာနမှာ ဆားဘီးယားဖြစ်သည်။ ဆားဘီးယားက သြစတြီးယား-ဟန်ဂေရီအင်ပါယာအတွင်းရှိ ဆာ့ဘ်လူမျိုးများနှင့် ပေါင်းစည်းကာ ဆားဘီးယားနိုင်ငံ ထူထောင်လိုသည်။ ထို့ကြောင့် ဆားဘီးယားသည် သြစတြီးယား-ဟန်ဂေရီနိုင်ငံ၏ နံပါတ်တစ်ရန်သူဖြစ်လာသည်။ ထို့ပြင် စလပ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ရုရှားက ဆားဘီးယားကို အမြဲတမ်း အားပေးထောက်ခံသည့်အတွက်လည်း သြစတြီးယား-ဟန်ဂေရီနိုင်ငံသည် ရုရှားကို မုန်းတီးသည်။

ရုရှား

ရုရှားနိုင်ငံသည် ဥရောပတိုက်တွင် အကြီးဆုံးနိုင်ငံနှင့် လူဦးရေအများဆုံး နေထိုင်သည့် နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသည် အာတိတ်သမုဒ္ဒရာကမ်းခြေများမှ ပင်လယ်နက်ကမ်းခြေသို့လည်းကောင်း၊ ဘော်လ်တစ်ပင်လယ်မှ ပစိဖိတ်သမုဒ္ဒရာအထိ ကျယ်ပြောသည်။ လူဦးရေသုံးပုံနှစ်ပုံသည် စလပ်များဖြစ်သည်။ သို့တိုင် နယ်မြေချဲ့ရန် ဆန္ဒရှိနေဆဲဖြစ်သည်။ ခရိုင်းမီးယားစစ်ပွဲတွင် ဗြိတိန်နှင့် ပြင်သစ်ကို အရေးနိမ့်ပြီးနောက် ၁၈၅၆ခုနှစ်မှ ၁၈၇၀ပြည့်နှစ်အထိ ဘော်လကန်ဒေသသို့ နယ်မြေချဲ့ထွင်မှုကို ရပ်ဆိုင်းစေသည့် ပါရီစာချုပ်ကို ရုရှားက လက်မှတ်ရေးထိုးခဲ့သည်။ ၁၈၇၀ပြည့်နှစ်တွင် ရုရှားက ပါရီစာချုပ်ကို ချိုးဖောက်ကာ ထပ်မံ၍ ဘော်လကန်ဒေသကို ကျူးကျော်သည်။ သို့ဖြင့် ရုရှားသည် သြစတြီးယား-ဟန်ဂေရီနိုင်ငံနှင့်ရော ဗြိတိန်နိုင်ငံနှင့်ပါ ပဋိပက္ခဖြစ်ရသည်။ ရုရှားသာ ဘော်လကန်ဒေသကို ထိန်းချုပ်လျှင် ဗြိတိန်၏ ရေတပ်အင်အားကိုရော မြေထဲပင်လယ်၌ ဗြိတိန်၏ ကုန်သွယ်ရေးကိုပါ ခြိမ်းခြောက်ခံရတော့မည်ဖြစ်သည် မဟုတ်ပါလား။

ပြင်သစ်

ပြင်သစ်နိုင်ငံသည် ရာစုနှစ်နှင့်ချီ၍ ဥရောပတိုက်တွင်ထင်ရှားသော အင်အားကြီးနိုင်ငံဖြစ်သည်။ ဥရောပကို ချုပ်ကိုင်ထားရန် နပိုလီယံ(၁)နှင့် နပိုလီယံ(၃)တို့က ကြိုးပမ်းခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် ပြင်သစ်သည် ဂျာမနီကို အလျှော့ပေးလိုက်ရသည်။ အယ်လ်ဆက်နှင့် လော်ရိန်းပြည်နယ်နှစ်ခု လက်လွတ်ဆုံးရှုံးသည်။ လျော်ကြေးငွေအများအပြားပေးရန်လည်း လိုလာသည်။ ၁၈၇၁ ခုနှစ်မှစ၍ ပြင်သစ်နိုင်ငံ၏ အကြီးဆုံးရည်မှန်းချက်မှာ အယ်လ်ဆက်နှင့် လော်ရိန်းပြည်နယ်နှစ်ခု ပြန်ရရေးဖြစ်သည်။ ပြင်သစ်သည် ဂျာမနီကိုထပ်မံ၍အရှုံးမပေးလိုပေ။ ဥပမာ-မော်ရိုကိုကဲ့သို့သော ပင်လယ်ရပ်ခြား ကိုလိုနီများကိုရယူခြင်းဖြင့် နိုင်ငံဂုဏ်ကို ပြန်လည်အဖတ် ဆယ်လိုသည်။ ထို့ပြင် ဥရောပမှ အခြားအရေးပါသည့် မဟာမိတ်နိုင်ငံများနှင့် သံခင်းတမန်ခင်း ဆက်သွယ်လိုသည်။

ဗြိတိန်

၁၈၇၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံသည် ဥရောပတိုက်တွင် စက်မှုအထွန်းကားဆုံး နိုင်ငံဖြစ်သည်။ ထို့ပြင် ပင်လယ်ရပ်ခြား၌ အကြီးဆုံးကိုလိုနီအင်ပါယာကြီးကို ထူထောင်ထားပြီး ကမ္ဘာပေါ်၌ အကြီးဆုံးရေတပ်ကြီးကို ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ဗြိတိန်သည် ဥရောပတိုက်တွင်းရေးရာများတွင် ကိုယ့်ကိုယ်ကို ဒုက္ခခံမပါဝင်လိုပေ။ ယင်း၏ အဓိကအာရုံစိုက်သည့်အရေးမှာ ဗြိတိသျှပင်လယ်ရပ်ခြား အင်ပါယာကြီးကိုထိန်းထားရန်နှင့် ကြီးမားသော ရေတပ်ဖြင့် ပင်လယ်ရပ်ခြား ကုန်သွယ်ရေးကို ရှင်သန်စေရန်ပင် ဖြစ်သည်။

အကျိုးစီးပွား

၁၈၉၀ ပြည့်နှစ်မတိုင်မီက ဗြိတိန်၏ အကြီးဆုံးရန်သူများမှာ ပြင်သစ်နှင့်ရုရှား ဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်တို့သည် ကိုလိုနီနယ်ချဲ့မှုတွင် အကျိုးစီးပွားချင်း ဝိရောဓိဖြစ်ကုန်သည်။ အာရှနှင့် အာဖရိက၌ ဥပမာ-အိန္ဒိယ၊ မြန်မာ၊ ထိုင်းနှင့် အီဂျစ်အရေးတို့တွင် အပြိုင်အဆိုင်ဖြစ်ခဲ့ကြသည်။

ဘော်လကန်ဒေသမှ ရုရှား၏ အကျိုးစီးပွားများက ဗြိတိန်ကိုခြိမ်းခြောက်လာခဲ့သည်။

တိုးချဲ့

၁၈၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ဂျာမနီက ရေတပ်အင်အား တိုးချဲ့လာသဖြင့် ဗြိတိန်နိုင်ငံ၏ ကမ္ဘာ့အကြီးဆုံး ရေတပ်နှင့် ဗြိတိန်၏ ပင်လယ်ရပ်ခြား အကျိုးကျေးဇူးများအတွက် စိုးရိမ်စရာဖြစ်လာသည်။ သို့ဖြင့် ပြင်သစ်သည် ဗြိတိန်က အလေးထားလာရသည့်နိုင်ငံဖြစ်လာသည်။

နှစ်မျိုးနှစ်စား

မည်သို့ပင်ဖြစ်စေ ၁၉ရာစုနှစ်က ဥရောပနိုင်ငံများ၏ အမျိုးသား အကျိုးစီးပွား၊ မျိုးချစ်စိတ်ကို ဆန်းစစ်သောအခါ နှစ်မျိုးနှစ်စားသာလျှင်ရှိကြောင်း တွေ့ရသည်။ ၄င်းတို့မှာ နိုင်ငံသားပြည်သူများ၏ လွတ်လပ်ရေးရလိုသော မျိုးချစ်စိတ်နှင့် လွတ်လပ်သော နိုင်ငံများ၏ စိုးမိုးရေးနှင့် ဂုဏ်သိက္ခာမြင့်ရလိုမှု နိုင်ငံချစ်စိတ်သို့မဟုတ် အမျိုးသားအကျိုးစီးပွားတို့ပင် ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တောင်အမေရိကဘုံဈေး (မာကိုဆာ)

တောင်အမေရိကဘုံဈေးဟု လူသိများသည့် မာကိုဆာအဖွဲ့သည် တောင်အမေရိက၏ ထိပ်တန်းကုန်သွယ်ရေးအုပ်စုဖြစ်သည်။

ဖွဲ့စည်း

မာကိုဆာအဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်စည်များ၊ အရင်းအနှီး၊ ဝန်ဆောင်မှုနှင့်တကွ ပြည်သူများ အကန့်အသတ်မရှိ လွတ်လပ်စွာ သွားလာဝင်ထွက်ပို့ဆောင်နိုင်ရေး ရည်ရွယ်ကာ ဖွဲ့စည်းခြင်းဖြစ်သည်။

တောင်အမေရိကဘုံဈေး (မာကိုဆာ)သည် ပြည်သူသန်း ၂၅၀ကျော် မှီတင်းနေထိုင်သည့်ဒေသကို အကျုံးဝင်ပတ်သက်ပြီး တောင်အမေရိကတိုက် စီးပွားရေးလုပ်ရှားမှုတစ်ခုလုံး၏ လေးပုံသုံးပုံကျော်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထိန်းပေး

မာကိုဆာအဖွဲ့ကို အဆန်းရှင်းသဘောတူ စာချုပ်အရ အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့က ၁၉၉၁ ခုနှစ် မတ်လတွင် ဖွဲ့စည်းလိုက်သည်။ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် အဖွဲ့၏ စီးပွားရေးအင်အားကြီးနိုင်ငံများ ဖြစ်သည်။

မာကိုဆာအဖွဲ့၏ အကောက်ခွန်မူဝါဒများက သွင်းကုန်နှင့် ပို့ကုန်များကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိပေးသည်။ အဖွဲ့ဝင်ချင်းဖြစ်ပွားသော ဝါဏိဇ္ဇပဋိပက္ခများကို အဖွဲ့ကဖျန်ဖြေပေးသည်။ မူလ လေးနိုင်ငံအပြင် အခြားသောအဖွဲ့ဝင် ခြောက်နိုင်ငံလည်းအဖွဲ့တွင် ပါဝင်သည်။



အဖွဲ့၏ ဌာနချုပ်(အပေါ်ပုံ)ကို ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ဖွင့်လှစ်ထားသည်။ အဖွဲ့၏ ဥက္ကဋ္ဌရာထူးမှာ ခြောက်လတစ်ကြိမ် အလှည့်ကျတာဝန်ယူပေးရသည့် ရာထူးဖြစ်သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

ဆီးရီးယားနိုင်ငံ တာတော့စ်မြို့၌ မိုးသည်းထန်စွာရွာသွန်း ကုန်တင်ကုန်ချလုပ်ငန်းများ ရပ်ဆိုင်းထားရ

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ အနောက်မြောက်ပိုင်း တာတော့စ်မြို့၌ ဒီဇင်ဘာ ၁၄ရက်က မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် သင်္ဘောကုန်တင်ကုန်ချနှင့် သင်္ဘောများကမ်းကပ်မှု ရပ်ဆိုင်းထားရကြောင်း ဆီးရီးယားအရာရှိများက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ လေကားပြိုကျမှုကြောင့် လူ ၉၀ ခန့် ဒဏ်ရာရရှိ

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဒီဇင်ဘာ၁၄ရက်က အဆောက်အအုံလေကားပြိုကျမှုကြောင့် လူ ၉၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂျိုဟန်နက်စဘတ်မြို့ ရဲအရာရှိများက ပြောကြားသည်။

တရုတ်ယူနန်ပြည်နယ် အလယ်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား ၁၁ဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

တရုတ်နိုင်ငံ ယူနန်ပြည်နယ်အလယ်ပိုင်း ဝေါင်မင်းရွာတွင် ဒီဇင်ဘာ ၁၄ရက်က မူးယစ်ရမ်းကားပစ်ခတ်မှုကြောင့် ၁၁ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အီဂျစ်နိုင်ငံ ပင်လယ်နီ အပန်းဖြေစခန်းအနီး ယာဉ်မတော်တဆမှုကြောင့်ကမ္ဘာလှည့် သုံးဦးသေဆုံး

အီဂျစ်နိုင်ငံ ပင်လယ်နီအပန်းဖြေစခန်းအနီး ဒီဇင်ဘာ ၁၄ရက်က မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ဂျာမန်ကမ္ဘာလှည့်ခရီးသွားသုံးဦး သေဆုံးခဲ့ကြောင်း အီဂျစ်အရာရှိများက သတင်းထုတ်ပြန်သည်။

၂၀၁၂ခုနှစ် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံ တောင်ကိုရီးယားက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်အဆိုပြု

၂၀၁၂ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုလိုက်ကြောင်း တောင်ကိုရီးယားအရာရှိများက ဒီဇင်ဘာ ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယက တာတိုပစ်ဒုံးကျည်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

အိန္ဒိယနိုင်ငံ ဘင်္ဂလားပင်လယ်အော်ရှိ သင်္ဘောတစ်စင်းပေါ်မှ ဒီဇင်ဘာ ၁၄ရက်က တာတိုပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အိန္ဒိယစစ်ဘက်အရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ရုရှား ယူရယ်လ်ဒေသ၌ လေယာဉ်ငယ်ပျက်ကျ၊ ရှစ်ဦးသေဆုံး

ရုရှားနိုင်ငံ ယူရယ်လ်ဒေသ ချေယာဘင့်ခ်မြို့အနီးတွင် ဒီဇင်ဘာ ၁၄ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်လိုက်ပါသူ ရှစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားလေကြောင်း အရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်တွင် ဒီဇင်ဘာ ၁၄ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၁၉ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အလွတ်တန်းဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲတွင် ရွှေဆိုင်းက လုံးချောကို အမှတ်ဖြင့် အနိုင်ယူ

အလဲထိုးပွဲများသော ဒုတိယနေ့ပွဲစဉ်များဖြင့် ဒဂုံရွှေအောင်လံ ပထမအကျော့ပွဲပြီးစီး

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ဇင်လင်းထွန်း (ခနေဖြူ) ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co., Ltd.၏ အဓိကမတည်ပံ့ပိုးမှု၊ Myanmar Media Group ၏ အကူအညီပေးမှုများဖြင့် H&S Group က ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သည့် ဒဂုံရွှေအောင်လံ (၂၀၁၀) မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး ဒုတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပခဲ့ရာ အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲတွင် ရွှေဆိုင်း(မြိုင်ကြီးငူ)က လုံးချော(ညောင်တုန်း)ကို အမှတ် ၃-၂ဖြင့် အနိုင်ရရှိသွားခဲ့ပြီး ဒုတိယတန်းဒဂုံရွှေအောင်လံ ကွာတားဖိုင်နယ်တွင် စစ်သွေး (ဘီလပ်မြေစက်ရုံ)က ရှမ်းသွေးလေး(ဒေါင်းမြန်မာ)ကို အလဲထိုး၊ စိုးလင်းဦး(တောင်ကလေး)က လုံးချောလေး(ရက္ခဗျာလ)ကို အလဲထိုးဖြင့် အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

လုံးချောနှင့် ရွှေဆိုင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။
(မြန်မာ့အလင်း)

သရေပွဲ

ဒုတိယနေ့ ပွဲစဉ်များကိုလည်း ပွဲစဉ်ပေါင်း ကိုးပွဲဖြင့်ပင် ကျင်းပခဲ့ရာ လေးချိုစိန်ခေါ်ပွဲတစ်ပွဲ၊ ငါးချိုစိန်ခေါ်ပွဲငါးပွဲ ပါဝင်ခဲ့သည်။ လေးချိုပွဲတွင် အုပ်စိုး(တိုက်ဂါး)က ကျော်ခေါက်(ဒေါင်းမြန်မာ)ကို တတိယအချီ ၂၇စက္ကန့်တွင် ဘယ်နံကြားသို့ ညာဒူးနှစ်ဆင့်တိုက်၍ ပွဲသိမ်းလိုက်သည်။ ငါးချိုစိန်ခေါ်ပွဲများတွင် လှစ်လှစ်လေး(သူရဲကောင်း)က မျိုးချစ်သွေး(ရွှေကုက္ကို)ကို ဒုတိယအချီ နှစ်မိနစ် သုံးစက္ကန့်၌ ညာဖြောင့်၊ ခိုင်လင်း(တောင်ကလေး)က သိန်းညီညီ(အလင်းရောင်)ကို ဒုတိယအချီ ၂မိနစ်၅၇စက္ကန့်၌ ညာဒူးဖြင့်၊ ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အောင်လံလုပွဲတွင် ရှုံးကြွေးရှိထားသော ရွှေမိုးကောင်း(ဘီလပ်မြေစက်ရုံ)က ရှုမဝ (ဒေါင်းမြန်မာ)ကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်၊ မုန်တိုင်း(တောင်ကလေး)က ပတ္တမြားငမောက် (မိုးသောက်ကြယ်)ကို ဒုတိယအချီ တစ်မိနစ် ခုနစ်စက္ကန့်တွင် ဘယ်ခြေဖြင့်မေးရိုးကိုကန်၍ အသီးသီး ပွဲသိမ်းအနိုင်ယူခဲ့ကြသည်။ ရန်ဆက်နိုင် (တောင်ကလေး)နှင့် ကျန်စစ်အောင် (မြို့တော်စည်ပင်) တို့ပွဲတွင် အလဲထိုး အနိုင်ယူထားဖူးသော ရန်ဆက်နိုင်က သူပိုင်နိုင်သည့် ချုပ်ဒူးဖြင့် ပွဲသိမ်းရန် ကြိုးစားသော်လည်း ကျန်စစ်အောင်က သွက်လက်သော ဘယ်ထောက်လက်သီးများ၊ လျင်မြန်သော အရှေ့အပြောင်းများဖြင့် ထိန်းထားသဖြင့် ရန်ဆက်နိုင် ထင်တိုင်း မပေါက်ဘဲ သရေပွဲ ဖြစ်သွားသည်။

အလဲထိုး

ဒုတိယတန်း ဒဂုံရွှေအောင်လံ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် စိုးလင်းဦးက ဒုတိယအချီအထိ လုံးချောလေးကို အကျောပေး ထိုးခိုင်းထားပြီး ခံစစ်ဖြင့်သာ ထိန်းထားရာမှ တတိယအချီအရောက်တွင် ပါဝါတင်၍ ရန်းသည့်အခါ လက်ပန်းကျ၊ သက်လုံလျော့နေသော လုံးချောလေး မခံနိုင်တော့ဘဲ အမှတ်စဉ်အရေခံခြင်း၊ အနားတောင်းခြင်းများဖြစ်ကာ ၂မိနစ် ၂၉စက္ကန့်၌ အလဲထိုး ခံလိုက်ရသည်။

ပွဲသိမ်း

စစ်သွေးနှင့် ရှမ်းသွေးလေးတို့ပွဲတွင် ဝိတ်တန်းတစ်တန်းသာ၍ အရပ်မြင့်သော ရှမ်းသွေးလေးက ချုပ်ဒူးများဖြင့် အပိုင်လုပ်ရန် ကြိုးစားသော်လည်း စစ်သွေးက အနင်းအတားများ၊ ထောက်ထိုးကွက်ထိုးများ၊ ထပ်ခြေထပ်ဒူးများသုံးကာ တိုက်ကွက်ဖော်နိုင်ခဲ့သည်။ တတိယအချီတွင် စစ်သွေး၏ အားပါသော ညာခြေအမြင့်ကန်ချက်ကျောထိ၍ ရှမ်းသွေးလေး အနားတောင်းခဲ့ရပြီး စတုတ္ထအချီ ၁မိနစ် ၅၂စက္ကန့်တွင် လျှပ်တစ်ပြက် ဝမ်းတူးတွဲလုံးတည့်ထိကာ ပွဲသိမ်းခဲ့သည်။

ဆဋ္ဌမအကြိမ်

လုံးချောနှင့် ရွှေဆိုင်းတို့၏ ဆဋ္ဌမအကြိမ်မြောက် တွေ့ဆုံမှုလည်းဖြစ်၊ ရွှေဆိုင်း၏ မကျေပွဲလည်းဖြစ်သော အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပထမအချီအစပိုင်း၌ လုံးချော၏ အောက်ထောက်ခြင်းကန်ချက်ကြောင့် ရွှေဆိုင်း ပြုတ်ကျရာ ပြန်ထနိုင်ခဲ့သော်လည်း နောက်တစ်ကြိမ် အောက်ထောက်ရှင်းရန် အကြိ ရွှေဆိုင်း၏ ညာဖြတ်လက်သီးမှန်၍ လုံးချော ပြုတ်ကျရာ ချက်ချင်းပြန်မထနိုင်သဖြင့် အမှတ်စဉ် အရေခံလိုက်ရသည်။ လုံးချော ဘယ်ထောက်လက်သီးများက ထိရောက်မှု ရှိသော်လည်း နောက်ဆက်တွဲမလိုက်သဖြင့် အခွင့်အရေး လက်လွတ်ခြင်းများရှိခဲ့သည်။

ဒုတိယအချီ

ဒုတိယအချီတွင် လူချင်းအပူး၌ လုံးချောက ဘယ်ဒူးကပ်တိုက်ရန် ကြိုးစားရာ ရွှေဆိုင်းက ညာလက်ဖုံဖြင့် ချကောက်ပိုက်၍ ဆွဲမကာ ဇောက်ထိုးဖွပ်ချသည်။ ရွှေဆိုင်းက အားပါသော ဘယ်ညာလက်သီးများကို တစ်လုံးကောင်းပစ်ထိုး၍ အားလွန်လျှင် ဝင်ဖက်သည်။ အမှတ်စဉ် အရေခံထားရသော လုံးချောသည် သတိထားလွန်းနေပြီး တိုက်စစ်ကို ဦးမဆောင်ရဲ သကဲ့သို့ဖြစ်နေသဖြင့် ပွဲကအေးသယောင်ယောင်ရှိနေသည်။ ရွှေဆိုင်းကလည်း ပဉ္စမအကြိမ်က အဝင်များ၍ ဒူးဖြင့် အစားခံခဲ့ရခြင်းမျိုး မဖြစ်စေရန် သတိထားနေသည်။ ထို့ပြင် လုံးချောအဝင်၌ ရွှေဆိုင်း၏ နင်းခြေကြောင့် နောက်ပြန်ထိုင်ကျသွားခြင်းမျိုးရှိနေသဖြင့် တိုက်စစ်ဦးဆောင်မှုတွင် ရွှေဆိုင်းက သာသယောင်ရှိနေသည်။ သို့ဖြစ်၍ ပွဲချိစေ့သောအခါ ဒိုင်လူကြီး ငါးဦးအနက် သုံးဦးက ရွှေဆိုင်းကို အနိုင်ပေးလိုက်သည်။

စိန်ခေါ်

လုံးချောက ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ရွှေဆိုင်းကလာမည့်နှစ် ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ရက်များတွင် ကျင်းပမည့် ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲကြီး၌ စောငမန်း (Ever Green)နှင့် ယှဉ်ပြိုင်အလံလုရမည်ဖြစ်သည်။ ဗိုလ်လုပွဲကိုလည်း ဒဂုံရွှေအောင်လံပွဲများ၏ ထုံးစံအတိုင်း ခမ်းနားဆန်းပြားသော တင်ဆက်မှုများ၊ စိန်ခေါ်ပွဲကောင်းများဖြင့် ကျင်းပသွားမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

ရွှေဆိုင်း၏ အားပါသောညာဖြောင့်လက်သီးထိုးဟန်။
(မြန်မာ့အလင်း)

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ စာနယ်ဇင်းရှင်း

acer NIBBAN

ရန်ကုန် ဒီဇင်ဘာ ၁၄

IEMS COMPANY LIMITED သည် NIBBAN ELECTRIC & ELECTRONICS ၏ အဓိကပံ့ပိုး ကူညီမှုဖြင့် ELECTRONICS & LIFESTYLE 2009 (အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉)ကို ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၀ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂နာရီခွဲအထိ ရန်ကုန်မြို့ မြေပဒေသာကျွန်း Western Park Royal စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ရှေးဦးစွာ IEMS COMPANY LIMITED Managing Director ဦးသက်လွင်ရွှေ **(အောက်ယာပုံ)**က ပြပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး NIBBAN ELECTRIC. & ELECTRONICS MD ဒေါက်တာအောင်သိန်း၊ Panasonic Customer relation Office Myanmar -A.M ဒေါ်သဉ္ဇာ၊Htae War Win Traing Co.,Ltd. Director ဦးသူရအောင်၊ Asia General Electric Co.,Ltd. M.D ဦးတင်မြင့်၊ Peace Myanmar Electric Co., Ltd.- Marketing Manager ဦးဝင်းနိုင်၊ Shwe Lamin Nagar Co.,Ltd.(Acer)-Director ဦးအောင်အောင်၊Citicom မှ ဒါရိုက်တာ ဒေါ်ခင်မြတ်ထွဋ်၊Lucky Bird Trading Co., Ltd. Manager ဒေါ်နွယ်နီထွန်းနှင့် Super Star Model Agency M.D ဦးချိုကြီးတို့က ရှင်းလင်းပြောကြားကြပြီး စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

အဆိုပါပြပွဲတွင် Panasonic, ChangHong, Mitsubishi တို့မှ စွမ်းအင်ချွေတာသည့် နည်းပညာအသစ်အဆန်း ပစ္စည်းများကို အထူးပြသမည်ဖြစ်သည်။ Acer, Lucky Bird, Blu Ray, KMD, King Empire, Cyber City, NCTC, Unique, Red Link, P.I.T, Trust Net, Sm3, MBC, Integra, Golden Rain, UbiFind, Micro Peacock တို့မှ အဆင့်မြင့်နောက်ဆုံးပေါ် Laptop များ၊ Software System များ၊ Asia General Electric မှ Transformerများ၊ Golden Lion/ I.E.Mတို့မှ On- line U.P.S များ၊ Future Step, Fudak, AEK တို့မှ Induction Cooker များ၊ Cannon, Concordia မှ Printerနှင့် Copier များ၊Ever Seiko, Amtt Company, Smart Electronic Dictionary, Toshiba Kyaw Win, Three Fri- ends Trading, Setra, Revom Rinnai, Aung Myanmar, Atlas, Romanson, Rhythm, Moon Fancy , MNZ, Khind, Maco/Mistral, Asahi, Omica, Polytron, Standard, Zulex, Myanma Alha, Peninsula Enterprise (Citizen) တို့မှ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နှင့် ခေတ်မီအိမ်သုံးပစ္စည်းများ၊ New Mobile, DO CO MO,Great Mobile, Mobile Friend, Hisense တို့မှ နည်းပညာသစ် Mobile Handset များနှင့် ဆက်စပ်ပစ္စည်းများ၊ Ocean Glory (Leeco),Universal Furniture, Nat Ray(Gold Coil), Coffer Manufacturing, Golden Hook တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံးနှင့် ဆန်းသစ်သော ပရိဘောဂများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲသို့လာရောက်သူများကို ပြခန်းများမှ သရုပ်ပြဖျော်ဖြေမှုများအပြင် IEMS Companyအနေဖြင့် နေ့စဉ်အဝတ်လျှော်စက် သို့မဟုတ် ရေခဲသေတ္တာတစ်လုံးကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။ ပြပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၈၀၉၈၈၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၁၄

အထက(၁)တာမွေ မြတ်ဆရာပူဇော်မည်

အထက(၁) တာမွေ၌ ၁၉၇၂-၁၉၇၃ခုနှစ်က ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဒိုက်ဦးအထက မြတ်ဆရာပူဇော်ပွဲ

ဒိုက်ဦးမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒိုက်ဦး အထက အောင်ရတနာခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

တူဒေးစာအုပ်ဆိုင်များ၌ အထူးဈေးရောင်းပွဲကျင်းပ

ကလေးသူငယ်များ စာဖတ်ရှုမှုတိုးပွားလာစေရန် ရည်ရွယ်သောအားဖြင့် တူဒေးစာအုပ်ဆိုင်များ၌ ကလေးသူငယ်ဆိုင်ရာ စာအုပ်များကို အထူးဈေးနှုန်းဖြင့် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၇ ရက်အထိ ခင်းကျင်းရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ

စီးပွားရေးတက္ကသိုလ် ၁၉၆၆-၁၉၇၀ စာသင်နှစ်မှ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ Western Park -1 (သခင်မြပန်းခြံ)၌ ဒီဇင်ဘာ ၁၉ရက်(စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

မော်လမြိုင် တက္ကသိုလ်/ကောလိပ် အာစရိယပူဇော်ပွဲ

မော်လမြိုင်တက္ကသိုလ်/ကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီအနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပန်းချီပြပွဲ ပြသလျက်ရှိ

နိုင်ငံတကာပြိုင်ပွဲဆုရပန်းချီဆရာများနှင့် The Best Painting of the Year (2007-2008) ဆုရပန်းချီဆရာများ ပါဝင်ရေးဆွဲပြသသည့် ပန်းချီပြပွဲကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း ဗိုလ်ချုပ်အောင်ဆန်းဈေး(အရှေ့ဘက်တန်း)၌ ပြသလျက်ရှိပြီး ဒီဇင်ဘာ ၁၉ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ ပန်းချီ ဝါသနာရှင်များ လာရောက်ကြည့်ရှုခံစားနိုင်သည်။

ကွန်ပျူတာဆော့ဖ်ဝဲ အင်ဂျင်နီယာ သင်တန်းဖွင့်မည်

ကွန်ပျူတာဝါသနာပါသောလူငယ်များအတွက် ဆော့ဖ်ဝဲဒီဇိုင်နာကောင်းတစ်ဦး အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများနှင့် ဆော့ဖ်ဝဲဖန်တီးသူဖြစ်လိုသူများ လက်တွေ့အသုံးတည့်မည့် လုပ်ငန်းခွင်ဝင် ဆော့ဖ်ဝဲအင်ဂျင်နီယာသင်တန်းကို ကေအမ်ဒီ ကွန်ပျူတာ သင်တန်းကျောင်းမှ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း-၂၄၉၁၅၅ နှင့် ၃၈၀၁၀၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ညွှန်း သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကြီးမှူးဖွင့်လှစ်မည့် ၁/၂၀၁၀ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းဇာတ်ညွှန်းသင်တန်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး လျှောက်လွှာများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင်ရယူ၍ ဒီဇင်ဘာ ၂၆ရက်အထိ လျှောက်ထားနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းတင်ပြသူ - ဝင်းကျော်

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ကြည်ညို၊ သာသနာရေးဆိုင်ရာ လှူဖွယ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန (၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာသဘင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လှူဒါန်းသည်။

ပင့်ဆောင်

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များနှင့် စာပြန်သံဃာတော်များအား မဟာပါသာဏလိုဏ်ဂူသိမ်တော်မှ ဝိဇယမင်္ဂလာမဟာသဘင်သို့ ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ တိပိဋကရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံမှ တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က သာသနာရေးဆိုင်ရာများကို လှူဒါန်းကြသည်။

ထို့နောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဆွမ်းအလှူရှင်နှင့် စာမေးပွဲကျင်းပရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ညောင်တုန်းဆရာတော်ထံမှ တက်ရောက်လာသူများက ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင်များက ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဆရာကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။ (ယာပုံ)

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ တေးသီချင်းများနှင့် တစ်ခန်းရပ် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ပညာပေးပြခန်းနှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆုရစာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၁ ခုနှစ်၊ နတ်တော်လကွယ်နေ့)
(ဥပုသ်နေ့)
၁၅-၁၂-၂၀၀၉(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။ အတီးပြိုင်ပွဲ
၈:၀၅	၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။ **ရေအကျိုးဆယ်ပါး မတောင်းဘဲ ပြည့်စေသား**
၈:၂၅	၉။ **ချောင်းကမ်းဘေးက ရွာကလေး**
၈:၄၀	၁၀။ International News
၈:၄၅	၁၁။ တေးဂီတအစီအစဉ်
၉:၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။ အကပြိုင်ပွဲ
၄:၂၀	၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၄:၃၀	၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၄:၃၅	၅။ **အလျော်အစား**
၄:၄၅	၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၅	၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၀	၈။ **တေးဂီတအစီအစဉ်**
၅:၂၅	၉။ **နားဝင်ပီယံ သူ့လက်သံ**
၅:၄၅	၁၀။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၁၅	၁၂။ မိုးလေဝသအခြေအနေ
၆:၂၀	၁၃။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆:၃၅	၁၄။ ဆိုလိုက်ကြစို့
၇:၀၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၇)
၈:၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၈)
	၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၁။ အစီအစဉ်ပြီး၏။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး လှိုင်မြစ်မှ ပင်မဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်းသို့ဆက်သွယ်မည့် ၂၄ လက်မပိုက်လိုင်း ပိုက်ဆက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပင်မသဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်း(ရွာမ) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ပင်မသဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်း(ရွာမ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် လှိုင်မြစ်မှ ပင်မဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းသို့ ဆက်သွယ်မည့် ၂၄ လက်မပိုက်လိုင်း ပိုက်ဆက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အနီး လှိုင်မြစ်ကမ်းနံဘေး၌ မြစ်အောက်ကြမ်းပြင်မှ တူးဖော်ဖောက်လုပ်မည့် HDD တွင်းတူးစက် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြမ်းပြင်အောက်မှ ဖောက်လုပ်ရမည့် နေရာအားလုံး သတ်မှတ်ကာလအတွင်း အချိန်ကိုက်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ ၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲအစီအစဉ်ကို ဒီဇင်ဘာ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းထွန်းက Periodontal Management of HIV Patient ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)တို့ ပူးပေါင်းကျင်းပမည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင် အတွင်းရေးမှူးချုပ် Dr.Noeleen Heyzer နှင့် အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ကြိုဆို

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီး မြတ်ထွန်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြရာ လမ်းတစ်လျှောက် ကုက္ကိုလှ မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာအတွင်း သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပခုက္ကူမြို့ ကုက္ကိုလှရွာအနီး ဘုမ္မရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးမှတစ်ဆင့် ပခုက္ကူမြို့မှ ဧရာဝတီအရှေ့ဘက်ကမ်းရှိ လက်ပံခြေပေါ်ကျေးရွာသို့ ဆက်သွယ်မည့် ဧရာဝတီတံတား(ပခုက္ကူ)၏ တံတားအူကြောင်းရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှင်းလင်းတင်ပြရာတွင် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရန် တံတားအူကြောင်းနေရာများ သတ်မှတ်တိုင်းတာလျာထားခြင်း၊ မြစ်ရေစီးနှုန်း တိုင်းတာခြင်း၊ လိုအပ်သော စက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ စုဖွဲ့ခြင်းစသည့် တံတားတည်ဆောက်ရေး အကြိုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ရှင်းလင်းတင်ပြ

တံတားအူကြောင်း လျာထားချက်များကို တစ်ခုချင်း အသေးစိတ်လေ့လာပြီး ယခု တံတားအူကြောင်း အမှတ်(၅)ကို ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းတံတားအူကြောင်းအရ တံတားအရှည်သည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်းနှင့် တံတားဆိုင်ရာ အချက်အလက်များ၊ မြစ်ရေစီးဆင်းမှုနှုန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမည့် တံတားကြီးတစ်စင်းဖြစ်သည်။ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ဒသမ ၁၆မိုင်) ရှိမည်ဖြစ်သည်။

ယှဉ်တွဲပါရှိ

ဧရာဝတီတံတား(ပခုက္ကူ)တွင် ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိပြီး နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၂ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေ သုံးလက်မစီရှိသည့် သံကူကွန်ကရစ် သံမဏိသံပေါင်အမျိုးအစား တံတားကြီးဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား (ပခုက္ကူ) ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရထားလမ်းပိုင်းကို တံတားကြီးပြီးစီးသည်နှင့်တစ်

ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ဤသို့ ဖောက်

သော မြေသားလုပ်ငန်းများတိုင်းတာခြင်း၊ ပုံစံထုတ်

လျက်ရှိပါကြောင်း။

ထို့အပြင် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မ

လမ်းပိုင်းနှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ ဖေ

ရထားလမ်းပိုင်းတို့ကို ဆက်စပ်ပေးမည့် ဧရာဝတီ

ဧရာဝတီတံတား(ပခုက္ကူ)သည် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမည့် တံတားကြီးတစ်စင်းဖြစ်။ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ဒသမ ၁၆မိုင်)ရှိ။

ဧရာဝတီတံတား(ပခုက္ကူ)တွင် ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိပြီး နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၂ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေ သုံးလက်မစီရှိသည့် သံကူကွန်ကရစ် သံမဏိသံပေါင် အမျိုးအစား တံတားကြီးဖြစ်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်တည်ဆောက်ရန်ရှိသည့် အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသလမ်းမကြီးများနှင့် ဆက်စပ်တည်ရှိနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်နက်အသုံးပြုနိုင်

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရှင်းလင်းတင်ပြရာတွင် ယခုဖောက်လုပ်မည့် ဧရာဝတီတံတား(ပခုက္ကူ)ပေါ်မှ ဖြတ်သန်းမည့် ပခုက္ကူ၊ မြင်းချိုင့်၊ လက်ပံခြေပေါ်၊ သစ်ထောင့်၊ ညောင်ဦး

ပိုင်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်

စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရထားလ

ပုံစံများနှင့်တကွ ရှင်းလင်းတင်ပြသည်။

ဆက်စပ်ပေါ်ထွက်လာ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း

လျာထားသော မဟာဗျူဟာ ရထားလမ်းများ

ရထားလမ်းများ ပြီးစီးပါက ပြည်နယ်နှင့်တိုင်းအား

ကျယ်ပြန့်အားကောင်းသော ပြည်ထောင်စုရထာ

ပေါ်ထွက်လာမည့် အခြေအနေ၊ ယင်းကွန်ရက်စ

ရထားလမ်းပိုင်းကို တံတားကြီးပြီးစီးသည်နှင့်တစ်ပြိုင်နက် အသုံးပြုနိုင်စေရန် ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ဤသို့ ဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သော မြေသားလုပ်ငန်းများတိုင်းတာခြင်း၊ ပုံစံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မကွေး-တောင်တွင်းကြီး ရထားလမ်းပိုင်းနှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ ဖောက်လုပ်ဆဲ ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းတို့ကို ဆက်စပ်ပေးမည့် ဧရာဝတီတံတား(မလွန်) ရထားလမ်းပိုင်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရထားလမ်းအူကြောင်း လျာထားချက် ပုံစံများနှင့်တကွ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတံတား (ပခုက္ကူ)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆက်စပ်ပေါ်ထွက်လာ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိုင်ငံအတွင်းရှိ သတ်မှတ်လျာထားသော မဟာဗျူဟာ ရထားလမ်းများ အခြေအနေ၊ ဖောက်လုပ်ဆဲ ရထားလမ်းများ ပြီးစီးပါက ပြည်နယ်နှင့်တိုင်းအားလုံး ဆက်စပ်အကျုံးဝင်သည့် ကျယ်ပြန့်အားကောင်းသော ပြည်ထောင်စုရထားလမ်း ကွန်ရက်စနစ်အဖြစ် ပေါ်ထွက်လာမည့် အခြေအနေ၊ ယင်းကွန်ရက်စနစ်ကြီးသည် နယ်မြေဒေသအလိုက် စက်ဝိုင်းပုံသဏ္ဌာန်များအဖြစ် စနစ်တကျ ဆက်စပ်ပေါ်ထွက်လာမည့် အခြေအနေတို့ကို မြေပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားတည်ဆောက်သူက တံတားဆောက်၊ လမ်းဖောက်လုပ်သူက လမ်းဖောက်၊ တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံသွားကြရန်ဖြစ်ကြောင်း၊ တံတားကြီးသည် နိုင်ငံတော်၏ အရှည်ဆုံးတံတားကြီးဖြစ်သဖြင့် အစစအလေးဂရုပြု၍ စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်သွားကြရန်လိုကြောင်း။

မှတ်ကျောက်တင်

အရှည်ဆုံးတံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းရှိသည့် ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင်သွားရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဤစီမံကိန်းကြီးကို နိုင်ငံတော်အတွက် စံနမူနာစီမံကိန်းကြီးတစ်ခုအဖြစ် မှတ်တမ်းပြုနိုင်ရန် ဖိဖိစီးစီး အလေးထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် အသေးစိတ် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရန် အဆိုပြုတံတားအူကြောင်း နေရာပြမြေပုံနှင့် အတည်ပြုတံတားတည်နေရာပြမြေပုံတို့ကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှနေ၍ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ မြို့တော်ဖြစ်သော ပခုက္ကူမြို့၏ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိမ်းလန်းစိုပြည်နေမှုအခြေအနေ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အအုံများ၊ မြို့တွင်းလမ်းများစသည့် မြို့ပြအခြေခံ အဆောက်အအုံများ၏ ဖြစ်ထွန်းမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'ဝပ်'သည် သီရိလင်္ကာနိုင်ငံ ထရင်ကိုမာလီမြို့၏ အရှေ့ဘက် မိုင် ၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး သီရိလင်္ကာနိုင်ငံ ကမ်းခြေကို နောက် ၁၂နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__ဒီဇင်ဘာ ၁၅ရက်ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပခုက္ကူမြို့ ကွန်ပျူတာတက္ကသိုလ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၄

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဆပ်ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အခမ်းအနားကျင်းပရေး လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ယင်းနောက် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပန်းတောင်းမြို့နယ် ကြာအင်းကျေးရွာ
စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်

ပြည် ဒီဇင်ဘာ ၁၄

ပန်းတောင်းမြို့နယ် ကြာအင်းကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာကို ဒီဇင်ဘာ ၁ရက် ညနေ ၃နာရီကကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်၊ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းမြင့်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် စာကြည့်တိုက်ဆောက်လုပ်ရေး ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ပန္နက်တိုင်များ တင်ကြသည်။

စာကြည့်တိုက်ကော်မတီက ကြီးမှူးကျင်းပသော ၁၃၇၁ခုနှစ် စာဆိုတော်နေ့ စာပေဟောပြောပွဲနှင့် ပြိုင်ပွဲများကို ကျေးရွာရှိ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ ဆက်လက်ကျင်းပရာ အသင်းဝင်လူငယ်များက စာဆိုတော်များ၏ အတ္ထုပ္ပတ္တိများကို ဂုဏ်ပြုပူဇော်၍လည်းကောင်း၊ တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့် (ညိုဝင်းလှိုင်-အညာမြေ)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးနေဝင်း (ပန်းတောင်း-နေမင်းထင်)နှင့် ဘဏ္ဍာရေးမှူး ဦးဌေးဝင်း (ပန်းတောင်း-မောင်ခိုင်တည်)တို့က စာပေရေးရာများကိုလည်းကောင်း ဟောပြောကြသည်။ **(တိုင်း ပြန်/ဆက်)**

ပေါင်မြို့ ကဒါမင်းတန်း အမက
ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ပေါင်မြို့ အခြေခံပညာမူလတန်းကျောင်း အမက (ကဒါမင်းတန်း)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) ညနေ ၅နာရီတွင် မိတ်ဆုံပွဲကျင်းပပြီး ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသက် ၆၀ နှင့်အထက် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်မည်ဖြစ်ရာ ဦးသန်းထွန်း ကျောင်းအုပ်ကြီး အမက(ကဒါမင်းတန်း) ပေါင်မြို့ ဖုန်း-၀၉-၈၇-၀၃၂၅၀၊ ကိုမင်းမြင့်ထွန်း(ခ) ကိုပွဲ ဖုန်း-၀၅၇-၄၇၁၀၂၊ ဒေါ်မိကလျာချမ်းဧ လ/ထ ကထိက သမိုင်းဌာန မော်လမြိုင်တက္ကသိုလ်နှင့် ကိုဗညားဦး ဖုန်း-၀၅၇-၂၄၀၆၉၊ ၀၉-၈၇-၀၁၆၁၄နှင့် ကိုအောင်ခိုင်ဖုန်း-၀၉-၅၁-၄၅၀၅၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အသက်သခင် သွေးလှူရှင် ချစ်ခင်လေးစား တန်ဖိုးထား

ပန်းတောင်းသန်းကြွယ်

လူ့ခန္ဓာကိုယ်တွင် သွေးသည် မရှိမဖြစ်လိုအပ်သည်။ လူ၏ခန္ဓာကိုယ်မှ သွေးကို ထုတ်ပယ်ပစ်လိုက်ပါက ထိုသူသည် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သွေးသည် လူ၏အသက်ဟု ဆိုရခြင်းဖြစ်သည်။ လူနာတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ လူနာအများအတွက်ဖြစ်စေ လိုအပ်သည့်အချိန်တွင် သွေးသွင်းကုသပေးပြီး အသက်ကို ကယ်လိုက်နိုင်သဖြင့် သွေးလှူဒါန်းခြင်းသည် အသက်ကယ်ပေးခြင်းပင်ဖြစ်သည်။ သွေးလှူရှင်များသည် အရေးပေါ် သွေးလိုအပ်သူ လူနာများ၏အသက်သခင် ကျေးဇူးရှင်ပင်ဖြစ်သည်။ ပြုနိုင်ခဲလှသော ဇီဝိတဒါနပြုကြသူ အလှူရှင်များ၊ ဂုဏ်ပြုထိုက်သူများ ဖြစ်သည်။

သွေးသွင်းကုသမှုကို အဓိကအားဖြင့် ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်ခြင်း၊ ခွဲစိတ်ကုသမှုပြုလုပ်စဉ် သွေးထွက်များ၍ သွေးလိုအပ်နေခြင်း၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ်တို့၌ သွေးသွန်ခြင်း၊ ရှော့ခ်(ခေါ်) သွေးလန့်ခြင်း၊ အလွန်အမင်းသွေးအားနည်းခြင်း၊ ကင်ဆာရောဂါရှိခြင်း စသည်တို့၌ မလွဲမသွေ ပြုလုပ်ကြရသည်။

လူ၏ခန္ဓာကိုယ်တွင် သွေးသည် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထုထည်ပမာဏအားဖြင့် ငါးလီတာကျော်မျှ ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် စီးဝင်ပျံ့နှံ့လှုပ်ရှားနေ၏။ အနီရောင်အရည်များဖြစ်သော သွေး၏အစွမ်းသတ္တိနှင့် အကျိုးသက်ရောက်မှုမှာ အလွန်ကြီးမားကျယ်ပြန့်သည်။ အလွန်ကြီးမားသော တာဝန်ကို ထမ်းဆောင်နေရသည့် ခန္ဓာကိုယ်၏အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။

ခန္ဓာကိုယ်အတွင်းရှိ နှလုံးက သွေးကို တွန်းပို့ခြင်းအားဖြင့် ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိအောင် လှည့်ပတ်သွားလာနေသည်။ သွေးလွှတ်ကြောမှ ပျံ့နှံ့သွားပြီး သွေးပြန်ကြောမှတစ်ဆင့် နောက်ဆုံးတွင် နှလုံးသို့ပြန်ရောက်ရ၏။ သွေးတွင် အဓိက အစိတ်အပိုင်းကြီးလေးခုဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ (၁) သွေးနီဥများ၊ (၂)သွေးဖြူဥများ၊ (၃)သွေးဥမွှားကလေးများ၊ (၄)သွေးရည်ကြည်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပမာဏအားဖြင့် ၄၀ဒသမ ၆၈ ရာခိုင်နှုန်းသည် သွေးနီဥများဖြစ်ပြီး ၅၅ဒသမ ၆၀ရာခိုင်နှုန်းမှာ သွေးရည်ကြည်၊ သွေးဖြူဥများ၊ သွေးတိတ်၊ သွေးခဲစေသောဓာတ်များနှင့် သွေးဥမွှားကလေးများ ဖြစ်သည်။

ထုထည်ပမာဏအားဖြင့် တစ်မီလီမီတာပတ်လည်ရှိ သွေးစက်ကလေးတစ်စက်တွင် သွေးနီဥ ၄ဒသမ ၅သန်းရှိသည်။ သွေးဖြူဥ ၄၀၀၀မှ ၁၁၀၀၀ အထိ ပါဝင်သည်။ သွေးနီဥသက်တမ်းမှာ ရက်ပေါင်း ၁၂၀ခန့်အထိ ရှိသော်လည်း သွေးဖြူဥသက်တမ်းမှာ ပုံမှန်အားဖြင့် ၃ဒသမ ၉ရက်ခန့်သာ ရှိသည်။ သွေးဥအသစ်များကား အစဉ်အမြဲဖြစ်ပေါ်နေသည်။

သွေးနီဥများသည် အောက်ဆီဂျင်ဓာတ်ကို ခန္ဓာကိုယ်နေရာအနှံ့သို့ ပို့ပေးသည်။ လူတစ်ဦးတွင် သွေးနီဥ သန်းထောင်ပေါင်း ၂၅ အထိရှိသည်။ သွေးဖြူဥများသည် ရောဂါကိုခုခံတိုက်ဖျက်သည့် ယန္တရားစနစ်ကို တည်ဆောက်ထား၏။ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသော ရောဂါပိုးများ ကျူးကျော်ဝင်ရောက်ခြင်းကို တားဆီးတိုက်ခိုက်ပေးသည်။ သွေးဥမွှားကလေးများသည် ခန္ဓာကိုယ်မှ သွေးထွက်လျှင် သွေးတိတ်အောင် တာဝန်ယူဆောင်ရွက်ပေးသည်။ သွေးရည်ကြည်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပရိုတိန်းဓာတ်များ သယ်ယူပို့ဆောင်ပေးသည်။ ပဋိဇီဝပစ္စည်းများ၊ အာဟာရဓာတ်များ၊ သွေးတိတ်စေသည့်ဓာတ်များကိုလည်း ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိအောင် သယ်ယူပို့ဆောင်ပေးသည်။

ထို့အတူပင် သွေးသည် ခန္ဓာကိုယ်အစိတ်အပိုင်းများမှ အညစ်အကြေးများကို သယ်ယူစွန့်ထုတ်ပေးသည့် လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသည်။ သွေး၏လုပ်ငန်းတာဝန်များ လွန်စွာများပြားလှသကဲ့သို့ သွေး၏တန်ဖိုးမှာလည်း ကြီးမားလှသည်။

သွေးသွင်းကုသရာတွင် ကူးစက်ရောဂါပိုးများ ကူးစက်ခြင်းမရှိရအောင်၊ သွေးကောင်းသွေးသန့်များ ရရှိအောင် ဆောင်ရွက်ကြရသည်။ လှူဒါန်းပြီးသော သွေးများကို သွေးသွင်းကုသခြင်းမပြုမီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဖြင့် HIV ပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါပိုးများ ရှိမရှိကို စစ်ဆေးရသည်။ ကူးစက်ရောဂါပိုးကင်းစင်သည့် သွေးများကိုသာ သုံးစွဲကုသပေးသည်။ ပိုးတွေ့သည့် သွေးပုလင်း၊ သွေးအိတ်များကို စနစ်တကျ ဖျက်ဆီးပစ်ရသည်။

ယခုအခါ သွေးမလှူဒါန်းမီ သွေးလှူရှင်များအား မေးခွန်းလွှာများကို စနစ်တကျ မေးမြန်းရေးသွင်းပြီးမှ လှူဒါန်းစေသည့်စနစ်ကို ကျင့်သုံးလျက်ရှိရာ များစွာ အထောက်အကူပြုလျက်ရှိသည်။ လှူဒါန်းပြီးသွေးများကို ဓာတ်ခွဲစစ်ဆေးကြည့်ရာ ပိုးတွေ့သည့်သွေး အလွန်နည်းသွားပြီ ဖြစ်သည်။ ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် စဉ်ဆက်မပြတ် လှူဒါန်းပေးကြသော ကျန်းမာသန့်စင်သည့် စေတနာသွေးလှူရှင်များ တစ်နေ့တခြား များပြားလာသည့်အတွက်ကြောင့်လည်း ပိုးတွေ့ရသည့်သွေး အလွန်နည်းပါးသွားခြင်းပင်ဖြစ်သည်။

စေတနာသွေးလှူရှင်များ လှူဒါန်းထောက်ပံ့လိုက်သော သန့်စင်သည့် သွေးမှ ဖြစ်ပေါ်ရရှိလာသည့်ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ကောင်းသော ထူးခြားမွန်မြတ်သည့် ဇီဝိတဒါန လက်ဆောင်ကြီးပင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သွေးလိုအပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌ တူညီသော လိုအပ်ချက်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးလုံလောက်စွာ မရရှိနိုင်ကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးမီးဖွားချိန်တို့တွင် သေဆုံးမှုမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး ယင်းသေဆုံးမှု၏ ၉၉ရာခိုင်နှုန်းမှာ လိုအပ်သောသွေး အချိန်မီမရနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ သွေးသွင်းကုသမှု ရာခိုင်နှုန်း ၇၀မှာ ကလေးများ၌ ဖြစ်ပွားနေသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါများ ကုသမှုတို့အတွက် အသုံးပြုနေရကြောင်း သုံးသပ်တင်ပြခဲ့သည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း လေးသန်းခန့်သည် စိတ်မချရသော သွေးသွင်းကုသမှုကြောင့် HIV ပိုး ကူးစက်ခံခဲ့ရကြောင်း၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါပိုးများ တွေ့ရှိရမှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေသည်ကို လှူဒါန်းထားသော သွေးများမှ စမ်းသပ်တွေ့ရှိနေရကြောင်း၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများဖြစ်သည့် HIV ပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးများသည် ပိုးစတင်ဝင်ရောက်သည့်အချိန်မှ စမ်းသပ်တွေ့ရှိနိုင်သည့် အချိန်အတွင်းဖြစ်သော Window Period ခေါ် ကြားကာလတွင် ဓာတ်ခွဲစမ်းသပ်မှုဖြင့် ရောဂါပိုးကို ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သောကြောင့် နောက်ဆက်တွဲ ဆိုးကျိုးမရှိနိုင်သော သွေးသွင်းကုသမှုဟူ၍ ရာနှုန်းပြည့် အာမမခံနိုင်ကြောင်း၊ ၎င်းရောဂါပိုးများ ကူးစက်မှုမရှိသော လူနေမှုစရိုက်ကို ကျင့်သုံးနေသည့် စေတနာသွေးလှူရှင်များကသာ သွေးသွင်းကုသမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်နှုတ်ဖော်ညွှန်းခဲ့သည်။

အရေးပါလှသော စေတနာသွေးလှူရှင်များ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေရန် ရည်ရွယ်၍ ၂၀၀၄ခုနှစ်မှစပြီး ဇွန်လ ၁၄ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ခဲ့သည်။ ၂၀၀၅ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၈)ကြိမ်မြောက် ညီလာခံက နှစ်စဉ် ဇွန်လ ၁၄ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့ပြီး စေတနာသွေးလှူရှင် စုဆောင်းမှု တိုးတက်လာရေးကို အားပေးထောက်ခံခဲ့ကြသည်။

မြန်မာနိုင်ငံတွင် သွေးသွင်းကုသမှုကို ၁၉၃၉ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ်စတင်ဖွင့်လှစ်ပြီး ကုသခဲ့ကြောင်း သိရှိရသည်။ ထိုစဉ်က ငွေကြေးဖြင့် ဝယ်ယူကုသရသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မိမိဆန္ဒအလျောက်လှူဒါန်းသော စေတနာသွေးလှူရှင်များကို အခြေပြုသော စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကိုလည်း ဗဟိုအမျိုးသား သွေးလှူဘဏ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။ ပြည်နယ်နှင့်တိုင်း၊ ခရိုင် ဆေးရုံကြီးများတွင်ပါ သွေးလှူဘဏ်ခွဲများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ခဲ့ရာ ယခုအခါ များစွာ ထိရောက်အောင်မြင်နေပြီ ဖြစ်သည်။

ဗဟိုအမျိုးသား သွေးလှူဘဏ်ကော်မတီ စတင်ပေါ်ပေါက်လာသည့် ဒီဇင်ဘာ ၁၄ရက်ကို မြန်မာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်၍ သွေးလှူရှင်များအား ၁၉၇၆ခုနှစ်မှစ၍ ဂုဏ်ပြုခဲ့ရာ ယခု ၂၀၀၉ခုနှစ် ဂုဏ်ပြုပွဲမှာ (၃၃)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲပင်ဖြစ်သည်။ စေတနာသွေးလှူရှင်များကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုသောအားဖြင့် အကြိမ်(၄၀)ဖြင့် သွေးလှူရှင်များအား လူမှုထူးချွန် တတိယဆင့်၊ အကြိမ်(၆၀)ပြည့် သွေးလှူရှင်များအား လူမှုထူးချွန် ဒုတိယဆင့်၊ အကြိမ်(၇၀)ပြည့် သွေးလှူရှင်များအား လူမှုထူးချွန် ပထမဆင့်အဖြစ် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ စက်မှုနှင့်နည်းပညာ လွန်စွာခေတ်မီတိုးတက်လာသဖြင့် သွေးမှ သွေးပစ္စည်းအမျိုးမျိုးကို ခွဲထုတ်၍ ရောဂါအမျိုးအစားအလိုက် လိုအပ်သော အမျိုးအစားများကို ပိုင်းခြား ပေးသွင်းကုသခြင်းမျိုးကိုပင် ဆောင်ရွက်လာနိုင်ပြီ ဖြစ်သည်။ သို့သော် လူ၏သွေးကိုမူ အတုပြုလုပ်၍ မရနိုင်သေးသဖြင့် လူသားတို့၏ သဘာဝသွေးမှာ အဖိုးအနဂ္ဃထိုက်တန်ဆဲပင် ဖြစ်သည်။

သွေးလှူဒါန်းခြင်းဖြင့် တစ်စုံတစ်ရာ အန္တရာယ်မဖြစ်နိုင်ပါ။ သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသောအပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် မည်သည့်ရောဂါမျှ မကူးစက်နိုင်ပါ။ သွေးမလှူဒါန်းမီ လိုအပ်သော ဆေးစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ လှူဒါန်းစေသဖြင့် မည်သည့်အန္တရာယ်မျှမရှိပါ။ သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းတို့ကြောင့် သွေးလှူဒါန်းပြီး ရွှင်လန်းကြည်နူးစွာ ပီတိသုခကို ခံစားနိုင်ပါသည်။ အသက် ၁၈နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေးပြည့်စုံသူတိုင်းသည် မိမိတို့၏ စေတနာသွေး၊ သန့်စင်သွေးများကို အသက်ကယ်ရေးအတွက် ပေးလှူသင့်ကြပေသည်။ ဤဆောင်းပါးဖြင့် အသက်သခင် စေတနာသွေးလှူရှင်အပေါင်းအား လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။ ။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့တော်ခန်းမဝင်းအတွင်းရှိ ရေကန်အား အဆင့်မြှင့်တင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အောင်ပန်းချောင်းသား (ရေစကြို)၏ လှရက်ပါပေ့ကွယ် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

စာရေးဆရာ အောင်ပန်းချောင်းသား (ရေစကြို)ရေးသားသော လှရက်ပါပေ့ကွယ် **(ယာပုံ)** (ဘဝ၊ ဒဿန၊ ရသဝတ္ထုများ) အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်သည် မြတ်ပန်းရဂုံစာပေမှ ထွက်ရှိလာသည်။

၎င်းစာအုပ်တွင် စာရေးဆရာမ ရွှေသဉ္ဇာနှင့် စာရေးဆရာကြီး ဦးငွေမောင်တို့က အမှာစာ ရေးသားထားပြီး ဝတ္ထုတို ကိုးပုဒ်ပါရှိသည်။

၎င်းဝတ္ထုများတွင် လှပသော အတွေးများ၊ တောက်ပသောအလင်းများနှင့် လူသားတို့၏ စစ်မှန်သော အလှတရားကို ဇာတ်ဆောင်များနှင့်အတူ ရှာဖွေတွေ့ရှိရန် စာရေးသူက ရေးသီခြယ်မှုန်းထားသည့်အပြင် လူငယ်များအတွက် သမားရိုးကျ အချစ်မဟုတ်သော - မျက်ကန်းအချစ်မဟုတ်သော - စံပြုထိုက်သည့်ဘဝနှင့် ယှဉ်သော အချစ်အကြောင်း ကလေးများကိုလည်း လှပစွာ မီးမောင်းထိုးပြထားသည်။

မြတ်ပန်းရဂုံစာပေ အမှတ်၁၉၄၊ ၂၉ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန် ဖုန်း-၀၉-၅၁-၃၉၄၅၀ နှင့် ၀၉-၅၁-၅၅၇၄၃ တို့မှ ဖြန့်ချိပြီး ဈေးနှုန်းမှာ တစ်အုပ်လျှင် ငွေကျပ်တစ်ထောင် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော 'MFRS For SMEs (Part-I)'ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဒီဇင်ဘာ ၂၃ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ် (ရှိလျှင်) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန် လိုအပ်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကလုန်းမုန်တိုင်း သီရိလင်္ကာကမ်းခြေ ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

ယနေ့ ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဝပ် **(WARD)** သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံကမ်းခြေကို ထရင်ကိုမာလီ **(Trincomalee)** မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အခြေခံပညာ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြှင့်မားရေး နည်းပြသင်တန်းဖွင့်လှစ်

မြိတ် ဒီဇင်ဘာ ၁၄

တနင်္သာရီတိုင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာအဆင့်အလိုက် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြှင့်မားရေး တိုင်းအဆင့်နည်းပြ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၅ရက်က မြိတ်မြို့ ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ရုပ်သိမ်း

ရှေးဦးစွာ အခြေခံပညာအဆင့်အလိုက် ဘာသာရပ်သင်ကြားမှု စွမ်းရည်မြှင့်မားရေး နည်းပြသင်တန်းပို့ချရခြင်းနှင့် ပတ်သက်၍ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေက ရှင်းလင်းတင်ပြသည်။ ယင်းနောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီးညွှန့်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းကို တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၂၀၀တက်ရောက်ကြပြီး တက္ကသိုလ်များမှ သင်တန်းနည်းပြ ၂၀က ပို့ချကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အခွင့်အရေးကောင်းတစ်ရပ် ဆုံးရှုံးခဲ့တယ် တိုက်စစ်မှူးတွေ စိုးရိမ်စိတ်များနေခဲ့တယ်

ဖာဂူဆန် **ဘင်နီတက်ဇ်**

မောင်မောင်မြင့်ဆွေ စုစည်းရေးသားပြီး လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၁၆)ကို ဒီဇင်ဘာ ၁၂ရက်နဲ့ ၁၃ရက်တွေမှာ ကစားပြီးသွားတဲ့အခါ မျှော်လင့်ထားသလို ထိပ်တန်းအသင်းကြီးတွေ မထင်မှတ်တဲ့ ရလဒ်တွေ ကြုံတွေ့ခဲ့ကြရပါတယ်။ ဒါကြောင့် ပရီမီယာလိဂ် ထိပ်တန်းအသင်းနည်းပြတွေရဲ့ ပွဲစဉ်(၁၆)အပြီး ပြောစကားများကို ဖော်ပြလိုက်ရပါတယ်-

မန်ယူနည်းပြ ဖာဂူဆန်

"ဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီးက သူ့လက်ကနာရီကို သေသေချာချာ မကြည့်ဘူးထင်တယ်။ ပွဲပြီးလေလွှင့်ချိန် သုံးမိနစ်ပေးတာဟာ ၂မိနစ်နဲ့ သုံးစက္ကန့်ပဲရှိသေးတယ်၊ ပွဲသိမ်းခရာ မှုတ်လိုက်တာဟာ သဘာဝမကျပါဘူး။ တကယ်တော့ ပွဲရလဒ်ဟာ အချိန်နဲ့အမျှ ပြောင်းလဲသွားနိုင်ပါတယ်။ ကျွန်တော့် ကစားသမားတွေကလည်း ပွဲချိန် ပထမပိုင်းမှာ ကောင်းကောင်း မကစားနိုင်ခဲ့ကြဘူး။ ဒုတိယပိုင်းမှာ ကြိုးစားကစားခဲ့ကြပေမယ့် ဗီလာကစားသမားတွေက ပိတ်ဆို့ကစားခဲ့တာမို့ ထင်တိုင်းမပေါက်ခဲ့ပါဘူး။ ဂိုးသွင်းနိုင်တဲ့ အခွင့်အရေးလည်း သိပ်မရခဲ့လို့ ချေပဂိုးမရရှိခဲ့တာပါ။ ဒါပေမယ့် ဒုတိယပိုင်း ပွဲချိန်မှာတော့ ပထမပိုင်းကထက် အခွင့်အရေးကောင်းတွေ ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ဘူး၊ ဒီပွဲရှုံးခဲ့တာဟာ ပရီမီယာလိဂ်ဖလားကာကွယ်ဖို့ အခွင့်အရေးကောင်းတစ်ရပ် လက်လွှတ်ဆုံးရှုံးခဲ့ရတယ်ဆိုတာ ဝန်ခံပါတယ်'' လို့ ဗီလာ ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့တဲ့ မန်ယူနည်းပြကြီး ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ

"ဒီပွဲဟာ ကျွန်တော်တို့ အနိုင်ရသင့်တဲ့ ပွဲဖြစ်ပါတယ်။ အဲဗာတန်တို့ ချေပဂိုးမသွင်းနိုင်ဘူးလို့ လျှော့တွက်ခဲ့တဲ့ ကျွန်တော့် ဘောလုံးသမားတွေရဲ့ အမှားလည်းပါဝင်တယ်။ တကယ်တော့ အိမ်ကွင်းမှာ ကျွန်တော်တို့ တာဝန်မကျေခဲ့ဘူးလို့ ပြောချင်တာပါ။ အဲဗာတန်တို့ ကစားပုံဟာ ကောင်းမွန်တာမို့ သူတို့တွေ အတော်လေး ပြင်ဆင်ခဲ့တာ ထင်ရှားနေပါတယ်။ ပရီမီယာလိဂ်ဖလားရယူရန် ဒီထက်ကြိုးစားဖို့ လိုနေသေးတယ်ဆိုတာ သတိပေးလိုက်သလိုပါပဲ'' ဟု အဲဗာတန်ကို အိမ်ကွင်း၌ သုံးဂိုးစီ သရေပွဲဖြစ်ခဲ့သော ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားခဲ့ပါတယ်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

"ဒီပွဲမှာ အနိုင်ရရှိမယ်လို့ ပွဲမစခင်ကတည်းက ယုံကြည်စိတ် ဖြစ်နေခဲ့တာပါ။ ဒါပေမယ့် ပထမပိုင်း ပွဲချိန်အတွင်းမှာ လီဗာပူးအသင်း ကစားတာကောင်းတာမို့ စိတ်ထဲ စိုးရိမ်မှုတော့ ဖြစ်ခဲ့ပါသေးတယ်။ ဒုတိယပိုင်းပွဲချိန်မှာ ကျွန်တော်တို့ လက်ဆောင်ချေပဂိုး ရပြီးနောက်မှာတော့ အနိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုပြန်ဖြစ်ပေါ်လာခဲ့တာပါ။ တကယ်တော့ ဒီပွဲဟာ ကျွန်တော်တို့ ကံကောင်းခဲ့တာလည်း ပါဝင်တယ်။ လီဗာပူးခြေစွမ်းဟာ ပရီမီယာလိဂ်မှာ ဘယ်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်း ရှိတယ်ဆိုတာ ကျွန်တော် ဝန်ခံပြောကြားလိုပါတယ်'' ဟု လီဗာပူးကို အန်ဖီးလ်၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြား ခဲ့ပါတယ်။



ဘင်နီတက်ဇ်ရဲ့ ဖွင့်ဟစကား

"ဒီပွဲမှာ ကျွန်တော့် ဘောလုံးသမားတွေ ဘောလုံးထိန်းသိမ်းမှု အားနည်းခဲ့ကြတယ်။ တိုက်စစ်မှူးတွေကလည်း စိုးရိမ်စိတ်များနေကြတယ်။ ပထမပိုင်းကစားတာ အတော်လေးကောင်းပါတယ်။ အဲဒီပထမပိုင်းပွဲချိန်အတိုင်းသာ ကစားရင် အခုလို ရှုံးပွဲကြုံတွေ့ရမှာ မဟုတ်ပါဘူး၊ ဒီပွဲရှုံးခဲ့လို့ ဖိအားပေးမှုတွေ အများကြီး ရှိလာပါတယ်။ဒါကို ကျွန်တော်တို့ ခံနိုင်ရည်ရှိပေမယ့် အစွန်းရောက်တဲ့ ပြစ်တင်ဝေဖန်မှုကိုတော့လက်ခံမှာ မဟုတ်ပါဘူး'' လို့ပြောကြားသွားသည်။ ။

ကိုးကား-အင်တာနက်

တောင်ကိုရီးယား ကွင်းလယ်ကစားသမား ဆဲလ်တစ်နှင့်လေးနှစ်စာချုပ်

လန်ဒန် ဒီဇင်ဘာ ၁၄

တောင်ကိုရီးယား ကွင်းလယ်ကစားသမား ကီဆွန်ယွန်းအား ဆဲလ်တစ် အသင်းက လေးနှစ်စာချုပ်လိုက်ပြီဖြစ်သည်။ ကီဆွန်ယွန်းသည် ဇန်နဝါရီ ၁ရက်မှစတင်ပြီး အက်ဖ်စီဆိုးလ်မှပြောင်းလာကာ ဆဲလ်တစ်တွင် ကစားမည်ဖြစ်သည်။

အသက် ၂၀ရှိ ကီဆွန်ယွန်းသည် မကြာမီက အာရှလူငယ် အကောင်းဆုံးဘောလုံးသမားဆုကိုလည်း ဆွတ်ခူးထားသူဖြစ်သည်။ ၎င်းသည် တောင်ကိုရီးယားအသင်းကို ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ရန်အတွက် အဓိကစွမ်းဆောင်ကစားပေးခဲ့သူဖြစ်သည်။ ၎င်းသည် တောင်ကိုရီးယား လက်ရွေးစင်အသင်းအတွက် ပွဲပေါင်း၁၈ပွဲ ပါဝင်ကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

ဟဲဗီးဝိတ်ချန်ပီယံ ကလစ္စကို ချန်ပီယံဆုကာကွယ်

လန်ဒန် ဒီဇင်ဘာ ၁၄

ယူကရိန်းလက်ဝှေ့ချန်ပီယံ ဗစ်တာလီ ကလစ္စကိုနှင့် အမေရိကန်လက်ဝှေ့သမား ကီဗင်ဂျွန်ဆင်တို့သည် ဒီဇင်ဘာ ၁၃ရက်က ဆွစ်ဇာလန်နိုင်ငံ၌ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြရာ ကလစ္စကိုက အမှတ်ဖြင့်နိုင်ပြီး ၎င်း၏ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ကာကွယ်လိုက်သည်။ ယင်းပြိုင်ပွဲသို့ လက်ဝှေ့ပွဲကြည့် ပရိသတ် ၁၈၀၀၀ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အသက် (၃၈)နှစ်ရှိပြီဖြစ်သော ကလစ္စကိုသည် လေးနှစ်ကြာ လက်ဝှေ့လောကမှ

အနားယူခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလ လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ သုံးကြိမ်တိုင် ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ ၎င်းသည် လက်ဝှေ့အားကစားသမား သက်တမ်းတစ်လျှောက် ၄၁ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၉ပွဲအနိုင်ထိုးနိုင်ခဲ့သည်။ ယင်းတို့အနက် ၃၇ပွဲမှာ အလဲထိုးပွဲဖြစ်ပြီး နှစ်ပွဲသာ ရှုံးနိမ့်ခဲ့ဖူးသည်။ (အင်တာနက်)

စုစည်းရေးသားသူ
မြင့်မောင်စိုး

ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေး လမ်းကြောင်းပေါ်သို့ပြန်ရောက်ပြီဟု နည်းပြဝင်းဂါးပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၄

အာဆင်နယ်အသင်းသည် လီဗာပူးအိမ်ကွင်း၌ အနိုင်ရခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

ယင်းပြိုင်ပွဲတွင် အာဆင်နယ်က လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အာဆင်နယ်အတွက် ပွဲသိမ်းအနိုင်ဂိုးကို အာရှာဗင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ချယ်လ်ဆီးနောက်မှ ခြောက်မှတ်သာ ကွာခြားမှုရှိတော့သည်။

ဖလားဆွတ်ခူးနိုင်ရေး

အာရှာဗင်သည် အာဆင်နယ်တိုက်စစ်၌ အကောင်းဆုံး ခြေစွမ်းပြကစားလာကြောင်း၊ ယင်းအတွက် အာဆင်နယ်အသင်း ဖလားဆွတ်ခူးနိုင်ရေးလမ်းကြောင်းပေါ်သို့ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ အာဆင်နယ် လူငယ်များ၏ ကြိုးစားမှုမှသည် ဖလားဆွတ်ခူး နိုင်စေလိမ့်မည်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

(အင်တာနက်)

ဟန်ဂေရီရေကူးချန်ပီယံ စံချိန်သစ်တင်နိုင်

အင်ကာရာ ဒီဇင်ဘာ ၁၄

ဟန်ဂေရီရေကူးချန်ပီယံ ဒန်နီရယ်ဂိုင်ယာတာသည် အစ္စတန်ဘူလ်မြို့၌ ကျင်းပသော ဥရောပချန်ပီယံရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၂၀၀ ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

ဂိုင်ယာတာသည် အဆိုပါရေကူး (ဖားကူး)ပြိုင်ပွဲတွင် စံချိန် ၂မိနစ် ၀ ဒသမ ၆၇စက္ကန့်ဖြင့် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းစံချိန်မှာ ဩဂုတ်လက ဩစတြေးလျနိုင်ငံ၌ကျင်းပသော ရေကူးချန်ပီယံပြိုင်ပွဲတွင် တင်ထားသည့် စံချိန်ကို ချိုးလိုက်ခြင်းဖြစ်သည်။ သူသည် ဩစတြေးလျနိုင်ငံ၌ တင်ထားသောစံချိန်မှာ ၂မိနစ် ၀၁ ဒသမ ၉၈စက္ကန့်ဖြစ်သည်။

အမျိုးသမီး

ယင်းပြိုင်ပွဲတွင် အီတလီနိုင်ငံမှ ရေကူးချန်ပီယံ ပီလီဂရင်းနီက အမျိုးသမီး မီတာ ၂၀၀အလွတ်ကူးပြိုင်ပွဲတွင် စံချိန် ၁မိနစ် ၅၅ဒသမ ၁၇စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

(အင်တာနက်)

ရီးရဲမက်ဒရစ်ခံစစ်မှူးပီပီ ရာသီကုန်အထိ နားရမည်

မက်ဒရစ် ဒီဇင်ဘာ ၁၄

ရီးရဲမက်ဒရစ်အသင်း၏ ဗဟိုခံစစ်မှူးပီပီသည် ဒူးခေါင်းအကြောပြတ်သွားသဖြင့် ရာသီကုန်အထိ အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြားသည်။

အသက် ၂၆နှစ်ရှိ ပီပီသည် ဗလင်စီယာနှင့် ကစားသည့်ပွဲတွင် ယင်းဒဏ်ရာရရှိပြီး ကွင်းအတွင်းမှ ထမ်းစင်ဖြင့် ထွက်သွားရသည်။ ပီပီသည် ဒူးခေါင်းဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်ခြင်းကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပေါ်တူဂီအသင်းအတွက် ပါဝင်ကစားရန် စိုးရိမ်နေရသည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဖူလ်ဟမ်အသင်းနည်းပြ ရှိုင်ဟော့ဂ်ဆန် ဝီဂန်မှ ပေါလ်စချာမာအား ခေါ်ယူရန်စီစဉ်နေ

ဖူလ်ဟမ်နည်းပြ ရှိုင်ဟော့ဂ်ဆန်သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ဝီဂန်ကွင်းလယ်ကစားသမား ပေါလ်စချာမာအား ပေါင်သုံးသန်းဖြင့် ခေါ်ယူရန် စီစဉ်နေသည်။

ဝက်စ်ဟမ်းအသင်းနည်းပြဇိုလာ ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုအား ခေါ်ယူလို

ဝက်စ်ဟမ်းအသင်းနည်းပြ ဇိုလာသည် ၎င်း၏အသင်းကို ယခုရာသီတွင် တန်းဆင်းဖန်မှ လွတ်မြောက်ရေးအတွက် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုအား စာချုပ်ခေါ်ယူလိုသည်ဟု ဆိုသည်။

အက်သလက်တီကို တိုက်စစ်မှူးအဂွီရိုအား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ချယ်လ်ဆီးခေါ်ယူမည်

ချယ်လ်ဆီးအသင်းသည် လာမည့်အပြောင်းအရွှေ့ရာသီတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ အသက် ၂၁နှစ်အရွယ် တိုက်စစ်မှူး ဆာဂျီယိုအဂွီရိုအား ဗြိတိန်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ဖြင့် ခေါ်ယူရေး နီးစပ်လာပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ရော်ဘီကိန်းအပါအဝင် ကစားသမားလေးဦးအား စပါးအသင်းနည်းပြ ဟာရီရက်နက်ရောင်းထုတ်မည်

စပါးအသင်းနည်းပြ ဟာရီရက်နက်သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်တွင် ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရှိုင်းအား ခေါ်ယူရန်အတွက် အသင်းခေါင်းဆောင် ရော်ဘီကိန်း၊ ပက်ဗလူချင်ကို၊ ဘန့်တလေနှင့် အလန်ဟတ်တွန်တို့ လေးဦးအားရောင်းထုတ်မည်ဟုဆိုသည်။

လူငယ်ကြယ်ပွင့် တိုက်စစ်မှူးစတာလင်အား အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကမ်းလှမ်း

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးသည် ကျူပီအာရ်အသင်းမှ အသက် ၁၄နှစ်အရွယ်လူငယ်ကြယ်ပွင့်တိုက်စစ်မှူး ရာဟင်းမ်စတာလင်အား ရရှိရေးအတွက် ပြောင်းရွှေ့ကြေး ပေါင်တစ်သန်းအပြင် တိုက်စစ်မှူးဆင်မ်ပဆန်အားအလိုက်ပေး ကမ်းလှမ်းခဲ့ကြောင်း၊ ၎င်းတိုက်စစ်မှူးအား ဖူလ်ဟမ်နှင့် မန်စီးတီးတို့ကလည်း စိတ်ဝင်စားနေကြောင်း သတင်း၌ ဖော်ပြသည်။

ရှော်လ်ကေးဂိုးသမား မန်နျူယယ်နီအာအား မန်ယူက စာချုပ်ချုပ်ဆို ခေါ်ယူရေးနီးစပ်လာ

မန်ယူအသင်းသည် ဂျာမနီအသင်းရှော်လ်ကေးမှ အသက် ၂၃နှစ်အရွယ်ရှိ ပေါင် ၁၀သန်းတန်ဂိုးသမား မန်နျူယယ်နီအာနှင့် စာချုပ်ချုပ်ဆိုရေး နီးစပ်လာပြီဟု ဆိုသည်။

ဘာမင်ဂမ်တွင် အငှားစာချုပ်ဖြင့် ကစားနေသူဂျိုးဟတ် အသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုမည်

ပရီမီယာလိဂ်ရာသီအစတွင် မန်စီးတီးမှ ဘာမင်ဂမ်သို့ အငှားစာချုပ်ဖြင့် ရောက်ရှိလာသူ အသက် ၂၂နှစ်ရှိ ဂိုးသမားဂျိုးဟတ်သည် လာမည့်အပြောင်းအရွှေ့ရာသီတွင် မန်စီးတီးမှထွက်ကာ ဘာမင်ဂမ်နှင့် အမြဲတမ်း စာချုပ်ချုပ်ဆိုရန် စီစဉ်နေသည်။

အာဂျင်တီးနား ဘယ်နောက်ခံလူ အန်ဆယ်လ်ဒီအား မန်စီးတီးအသင်းနည်းပြက စာချုပ်ခေါ်ယူရန်စီစဉ်နေ

မန်စီးတီးအသင်းနည်းပြ မာခ့်ဟုချ်သည် ရုရှားအသင်း ရှုဘင်ကာဇန်တွင် ကစားနေသော အသက် ၂၂နှစ်ရှိ အာဂျင်တီးနားဘယ်နောက်ခံလူ ခရစ္စတီယန် အန်ဆယ်လ်ဒီအား ပေါင် ၆သန်းဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူရန်စီစဉ်နေသည်။

ဆန်းဒါးလန်းခံစစ်မှူး ဘာစလေအားခေါ်ယူရေး စတုတ်စီးတီးအသင်းနည်းပြ တိုနီပူလစ် စိတ်ဝင်စားနေ

ဆန်းဒါးလန်းအသင်းမှ အသက် ၂၄နှစ်အရွယ်ရှိ မန်ယူခံစစ်မှူးဟောင်း ဖီးလ်ဘာစလေအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စတုတ်စီးတီးအသင်းနည်းပြ တိုနီပူလစ်က စိတ်ဝင်စားနေသည်ဟုဆိုသည်။

မစ်ဒယ်ဘရော့နည်းပြ ဂေါ်ဒွန်စထရာချန် အာဆင်နယ်မှ ဝီလ်ရှီယာအား အငှားစာချုပ်ရန်ကမ်းလှမ်း

မစ်ဒယ်ဘရော့နည်းပြ ဂေါ်ဒွန်စထရာချန်သည် အာဆင်နယ်အသင်းမှ အသက် ၁၇နှစ်ရှိ ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှီယာအား သုံးလအငှားစာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။

မြောက်ဦးမြို့နယ်၌ စုပေါင်းလမ်းလျှောက်ပွဲ တပျော်တပါးဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူးပြီး ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်လှိုင်တို့ ဦးဆောင်၍ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၂၄၀၀ ကျော်တို့သည် မြောက်ဦးမြို့ ဘောလုံးကွင်းမှ ထမ္မရာဇ်မြို့ကွက်သစ် မြို့အဝင်ဂိတ်အထိ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြသည်။

(အပေါ်ပုံ) (၁၁၃)

ကြည့်မြင်တိုင်မြို့နယ် အဆင့်မြင့်သီရိမင်္ဂလာဈေး မီးဘေးကြိုတင်ကာကွယ် တားဆီးရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ၁၁ရက်က ဈေးအပေါ်ထပ် ခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦး အမှာစကားပြောကြားစဉ်။ (၁၂၃)

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

စလင်း ဒီဇင်ဘာ ၁၄

မကွေးတိုင်း စလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တန်ဖိုးငွေကျပ် ခုနစ်သိန်းကျော်တန် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၆ရက်က ကျင်းပသည်။

အခမ်းအနားတွင် စလင်းမြို့ဈေးရပ်နေ သုမေ့မဏိဓောတရေ ဦးဖိုးသာက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူပြီး**(အောက်ပုံ)**ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး တောင်ဥက္ကလာပမြို့နယ်တွင် ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ရက် နံနက်၁၀နာရီက (၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖွင့်လှစ်ထားသော ရောင်ခြည်ဦး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲသို့ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စီက စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်းက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့လေကြောင်း စက်မှုလုပ်ငန်းဌာန ဝန်ထမ်းများ ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာ့လေကြောင်း စက်မှုလုပ်ငန်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားအင်ဂျင်နီယာကြီးများနှင့် သက်ကြီးစက်ပြင် ဝန်ထမ်းများအား အငြိမ်းစား တပည့် ဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ တပည့်ဝန်ထမ်းများက စုပေါင်း၍ ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ရက်က ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်း ခမ်းမ၌ကျင်းပရာ ပူဇော်ပွဲကျင်းပရေးအဖွဲ့ ခေါင်းဆောင် ဦးကျော်ကျော်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

အခမ်းအနားတွင် ပူဇော်ပွဲနှင့်စပ်လျဉ်း၍ အဖွဲ့ဝင် ဦးလှိုင်ဘွားက တင်ပြပြီး ငွေစာရင်းရှင်းတမ်းကို ဦးဝင်းမောင်ကဖတ်ကြားတင်ပြသည်။ ဆက်လက်၍ လှူဖွယ်ဝတ္ထုငွေများကို ဦးဝင်းမောင်က ကန်တော့ခံ ဆရာကြီးအဖွဲ့ကိုယ်စား ပေးအပ်လှူဒါန်းပြီး ကန်တော့ချိုးကို ဦးအေးကျော်က တိုင်ပေး၍ တက်ရောက်လာသော တပည့်များက ရွတ်ဆိုကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ ဆရာကြီးများကိုယ်စား အငြိမ်းစား အင်ဂျင်နီယာချုပ်ဦးလှမောင်က ဆုံးမဩဝါဒစကား ပြောကြားကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက(၆)ဗိုလ်တထောင် မိဘဆရာအသင်းနှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

အထက(၆)ဗိုလ်တထောင်၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၆ရက်က အဆိုပါကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးကျော်မြင့်၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းမင်းလတ်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်

အခမ်းအနားတွင် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ၊ ဘာသာရပ်အလိုက်၊ အတန်းအလိုက် ထူးချွန်သူ ကျောင်းသားကျောင်းသူများနှင့် သင်ကြားမှု ထူးချွန်သူ၊ ခွင့်ပျက်ရက်မရှိသူဆရာ ဆရာမများအား ထူးချွန်ဆုများ ချီးမြှင့်ကြပြီး ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရှင်များအား ငွေကျပ်၁၂သိန်း လှူဒါန်းသူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌအား ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုလွှာ ပေးအပ်သည်။

ပြောကြား

ဆက်လက်၍၂၀၀၈-၂၀၀၉ ပညာသင်နှစ် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြပြီး ဒုတိယဥက္ကဋ္ဌဦးမျိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(၁၃၅)

ဒီဇင်ဘာ၁၁ရက်က လှိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ကျင်းပရာ ပဉ္စမတန်းတွင် ပထမဆုရရှိသော မောင်ဇင်လင်းထက်အား(၁၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က ဆုချီးမြှင့်စဉ်။ (၁၂၈)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလေ့ကျင့်ရာ အမှုဆောင်အရာရှိ ဦးသန့်နိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျိုက္ကော်အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်အထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရွှေရတုခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများနှင့် ရန်ကုန်မှလိုက်ပါမည့်သူများအတွက် ဒီဇင်ဘာ ၂၅ရက်တွင် မီးရထားတွဲ စီစဉ်ထားပါသဖြင့် ဒီဇင်ဘာ ၂၀ရက်နောက်ဆုံးထား၍ ဒေါ်ခင်ဝင်း ဖုန်း-၂၂၁၂၄၇၊ ဒေါက်တာခွန်ကျော်အောင်၊ ဒေါ်တင်လွှမ်း ဖုန်း-၂၉၅၅၀၀၊ ဒေါ်ခင်သန်းလတ် ဖုန်း-၂၂၅၉၁၄၊ ဦးဦးမြင့် ဖုန်း-၅၆၂၄၉၂နှင့် ဦးတင်သန်း (မောင်နီ) ဖုန်း-၆၄၂၀၆၉တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ထောက်ရှည်ကန်ရွာနှင့် လေးပင်ကုန်းရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၅ရက်က အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန် အနောက်ပိုင်းခရိုင်ရုံး ကျောက်တံတားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁နာရီက ခရိုင်ရုံးစာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော အင်အားမီဒီယာဂရု(ပ်)က ဘောလုံးဂျာနယ်အစောင် ၆၈၀၀၊ နယူးဂျာနယ်အစောင်၆၄၀၀နှင့် ၂၀၀၇-၂၀၀၈ ဘောလုံးလမ်းညွှန်စာအုပ် ၅၀၀ ကိုလည်းကောင်း၊ 7 Days News ဂျာနယ်တိုက်မှ 7 Days News ဂျာနယ်အစောင်၂၀၅၀နှင့် Internet ဂျာနယ်အစောင် ၁၀၅၀ ကိုလည်းကောင်း၊ လသာမြို့နယ်မှ ဦးသန်းအောင် (စာရေးဆရာဇွန်လနေ)က ဝတ္ထု ၆၂၉ အုပ်ကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်မှ ဦးမြင့်အောင်-ဒေါ်ခင်တီမိသားစုက ဂျာနယ်မျိုးစုံ ၁၃၆ စောင်ကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်မှ ဗိုလ်မှူးကြီးခင်မောင်တိုး (ငြိမ်း)(စာရေးဆရာမှူးခင် ရွှေပြည်သာ)က ဗဋ္ဌလအမည်ရှိ ပညာရပ်စာအုပ် ၃၀၀ **(အောက်ပုံ)**ကိုလည်းကောင်း ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းကြရာ ရန်ကုန်အနောက်ပိုင်း ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)



၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ခနဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ကျိုက္ကလွန်ဗွန်းဘုရားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (၁၄၇)

ဂွမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ် ဂွမြို့နယ် အထက ကျောင်းသား ကျောင်းသူဟောင်းများက ဦးစီးကျင်းပမည့် ဧကာဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက ဂွမြို့ ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်ကျော်စိုး Real Mc Coy နိုင်ငံခြားဘာသာသင်တန်း ဖုန်း-၀၉-၅၁၇၅၇၃၆၊ ဦးအောင်စိုးသူ ဖုန်း-၀၉-၅၀၁၆၀၄၉၊ ဦးသိန်းဌေး ဖုန်း-၀၉-၅၁၇၆၈၁၉၊ ဦးနိုင်ဗလ ဖုန်း-၀၉-၉၉၂၈၉၃၉၊ ဦးစိုးထက်ဦး ဖုန်း-၀၉-၅၀၆၈၉၂၃နှင့် ဦးဟန်လင်းနိုင် ဖုန်း-၀၉-၈၆၂၀၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၇)

ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်) တတိယအကြိမ် မဂ္ဂဇင်းထုတ်ဝေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်ထံ ဖြူစင်မေတ္တာဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ မိသားစုက အလှူငွေကျပ် ၅၀၀၀၀နှင့် ညောင်ဦးမြို့နယ် စဥ့်ကူမြို့ စာသင်တိုက်အတွက် ငွေကျပ်နှစ်သိန်းကျော်တန်ဖိုးရှိ ဂျာနယ်မျိုးစုံကို နိုဝင်ဘာ ၂၁ရက်က ပေးအပ်လှူဒါန်းစဉ်။ (၁၁၃)

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ဝါးခယ်မ၌ ကျင်းပ

ဝါးခယ်မ ဒီဇင်ဘာ ၁၂

ဝါးခယ်မမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကြီးကို ရွှေခယ်သီရိအားကစားခန်းမ၌ ဒီဇင်ဘာ ၅ရက်က ကျင်းပရာ ရပ်ကွက် ၁၄ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပေးအပ်

ပြိုင်ပွဲတွင် ပထမဆုကို ပတ္တမြားရပ်ကွက် ကိုယ်စားပြု မစုစုဝင်းကလည်းကောင်း၊ ဒုတိယဆုကို ကျွန်းကုန်းကျေးရွာကိုယ်စားပြု မပိုးဒါလီသိန်းနိုင်ကလည်းကောင်း၊ တတိယဆုကို ရွှေလောင်းကျေးရွာကိုယ်စားပြု မနွေးအိအိခိုင်ကလည်းကောင်း ဆုရရှိပြီး ဆုများကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူက ပေးအပ်သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျိုက္ခမီအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ကျိုက္ခမီအသင်း(ရန်ကုန်)၏(၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်း ကျိုက္ခမီတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ ကြွရောက်ပါရန်နှင့် အသက်(၇၅)နှစ်ပြည့် သက်ကြီးများနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းကို နာယက ဒေါ်ခင်ရီ ဖုန်း-၂၅၃၄၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်သိန်း ဖုန်း-၅၇၁၁၆၁၊ အတွင်းရေးမှူး ဦးမြသောင်း ဖုန်း-၇၀၀၂၃၃နှင့် ဒေါ်ခင်ကြွယ်(ကုဗ္ဗေကြွယ်စတိုး) ဖုန်း-၂၉၄၄၆၈တို့သို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား ပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မူးယစ်ကင်းစင် အလှဆင်

မော်လမြိုင် ကောလိပ်/တက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မော်လမြိုင်ကောလိပ်/တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်းမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။

မော်လမြိုင် ကောလိပ်/တက္ကသိုလ်တွင် တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီဇင်ဘာ ၂၀ရက်တွင် အသက်(၆၅)နှစ်ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၁၉၇၆-၁၉၈၀ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် အငြိမ်းစား ဆရာကြီးဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက် ညနေတွင် စိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာဦးဘိုကြီး(ရှပ်ပျို)ဖုန်း-၀၇၅-၂၁၆၄၆၊ ၀၉-၂၁၀၀၀၁၆၊ ဦးမြင့်သိန်း(တိုင်းစိုက်ပျိုးရေးမန်နေဂျာ၊ပုသိမ်)ဖုန်း-၀၄၂-၂၄၁၁၄၊ ဒေါက်တာတင်ထွဋ် (ဒု-ညွှန်/မှူး၊ စိုက်/စီ၊ နေပြည်တော်) ဖုန်း-၀၆၇-၄၁၀၃၉၉၊ ဦးစိုးဝင်း (မန်နေဂျာ၊ မြေအသုံးချရေး၊ရန်ကုန်)ဖုန်း-၀၁-၆၄၀၆၂၇၊ ဦးထွန်းပေါ်မြင့် (ခရိုင်မန်နေဂျာ၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း၊စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၆၂၂၊ ဦးလှမြင့် (လက်ထောက်မန်နေဂျာ၊ စိုက်ပျိုးရေးရုံးချုပ်၊ နေပြည်တော်) ဖုန်း-၀၆၇-၄၁၀၀၀၇၊ ဦးခင်မောင်လတ် ***(Myanmar Arysta Life Science*** *ရန်ကုန်)ဖုန်း-၀၁-၂၅၆၁၉၃၊ ၀၉-၅၁၀၇၂၁၁နှင့်နေပြည်တော် ပျဉ်းမနား* ***CB Bank*** *ငွေစုစာရင်းအမှတ် ၀၃၃၂၀၁၂၄၈၁ တို့သို့ ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (၁၃၅)*

ဒီဇင်ဘာ ၃ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို သုဝဏ္ဏအထကကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးဝင်းက မူခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောစဉ်။ (၁၂၁)

ပန်း ဘဲ တန်း မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်း ကျောင်း ၏ မိဘ ဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြိုင်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် သတ္တမတန်းမှ ပထမဆုရ မစုမြတ်နိုးစံအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	ပိတ်ရက်
၁။	၄၀/မမ/CE	Battery 12V(120,150Ah)350Nos Lubricants(1) Lot	၁-၁-၂၀၁၀
၂။	၄၁/မမ/CME	ဘက်စုံသုံးမီးသတ်ဆေးဘူး(4Kg)400Nos	၁-၁-၂၀၁၀
၃။	၄၂/မမ/CME	V-Belt ဆိုဒ်စုံ(1)Lot (Optibelt/Germany,Gates & Dunlop/USA)	၁၅-၁-၂၀၁၀

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄-၁၂-၂၀၀၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၈၅၊ ၂၉၁၉၉၄။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၆ ရက် (ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)တို့တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဓမ္မရတနာသာသနာ့ရိပ်သာ
မဟာစည်သတိပဋ္ဌာန်ဝိပဿနာ(၁၀)ရက်တရားစခန်းပွဲ

ဓမ္မရတနာသာသနာ့ရိပ်သာ ပဓာနနာယက(ပြည်တွင်း၊ ပြည်ပ သာသနာပြု) ဆရာတော် ဘဒ္ဒန္တအာသဘာစာရ (အဂ္ဂမဟာအကျော်) ကိုယ်တိုင်ကြီးမှူး၍ ၄-၁-၂၀၁၀ ရက်မှ ၁၃-၁-၂၀၁၀ရက်အထိ (၁၃၇၁ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်မှ ၁၄ရက်အထိ) ၁၀ရက်တိုင်တိုင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသပေးမည်။

တရားအားထုတ်လိုသော ရဟန်းရှင်လူ ယောဂီသူတော်စင်များ ဒုလ္လဘရဟန်း သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် စေတနာရှင် ဓမ္မမိတ်ဆွေ အလှူရှင်များ စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ၃၁-၁၂-၂၀၀၉ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်။

တရားစခန်းဖြစ်မြောက်ရေးအဖွဲ့
ဓမ္မရတနာသာသနာ့ရိပ်သာ၊ နန္ဒင်းကုန်းရပ်ကွက်
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း၊
ဖုန်း-၀၁-၅၇၁၆၄၂၊ ၅၇၃၇၇၄။



ပုညာရာမ
မိုးကုတ်ဝိပဿနာကျောင်းတိုက်
(၁၀)ရက်တရားစခန်းပွဲ

၁၃-၁-၂၀၁၀ရက်မှ ၂၂-၁-၂၀၁၀ ရက်အထိ တရားစခန်းပွဲကျင်းပမည်ဖြစ်ပါ၍ ၁၅-၁၂-၂၀၀၉ရက်မှ စတင် စာရင်းပေးသွင်းပါရန်။

ပြန်လည် တည်ဆောက်သော အဆောင်များ မပြီးသေးပါ၍ ယောဂီ ၂၀၀သာလျှင် လက်ခံပါမည်။

၁၂-၁-၂၀၁၀ရက် ညနေအရောက်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀၁၃၂၉၇၊ ၅၅၃၃၃၀၊ ၅၅၁၁၇၂။

ငါးထပ်စာသင်ဆောင်
ဆောက်လုပ်ရန်အတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းစာသင်တိုက်တွင် ငါးထပ်ဆောင်ပရိယတ္တိစာသင်တိုက်ကြီးကို ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇဋိလ(ပိဋကတ်တစ်ပုံဆောင်)က ဦးဆောင်လျက် စတင်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းဒါယကာ၊ ဒါယိကာမများက တစ်ခန်းချင်း အတွက်ဖြစ်စေ၊ မိမိနှစ်သက်ရာ စွမ်းနိုင်သရွေ့ဖြစ်စေ ဖုန်း-၇၀၈၈၇၄၊ ၂၁၆၉၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

တင်ဒါခေါ်ယူခြင်း

တောင်ငူတက္ကသိုလ် သတ္တမအကြိမ် ဘွဲ့နှင်းသဘင် ဓာတ်ပုံ ဈေးပြိုင်တင်ဒါအတွက် ၂၄-၁၂-၂၀၀၉ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံများတင်သွင်းနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၅၄-၂၄၀၀၁၊ ၂၄၀၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါရွေးချယ်ခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မစန္ဒာဝင်း V/RGN-၀၀၅၇၈၆ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်မြင့်
S/OKA-၀၄၅၅၈၈။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ် ၁ လမ်း၊ အမှတ်၅ဟုခေါ်တွင်သော နှစ်ခန်းတွဲ ၃½ ထပ်တိုက် (အာရ်စီ)အဆောက်အအုံမှ ကန်ထရိုက်တာ ရပိုင်ခွင့်ရှိသည့် ပထမထပ် ခြေရင်းခန်းတစ်ခန်းနှင့် ပထမထပ် ခေါင်းရင်းခန်းတစ်ခန်း၊ ဒုတိယထပ်ခေါင်းရင်းခန်းတစ်ခန်း၊ စုစုပေါင်းတိုက်ခန်း သုံးခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ ဦးလှကျော် ၁၂/တမန(နိုင်)၀၉၁၁၂၆ ထံမှ ဒေါ်အေးအေးမေ ၁၂/လမန(နိုင်)၁၄၆၁၂၈ နှင့် ဦးစည်သူ ၁၂/လမန(နိုင်)၁၃၇၈၇၉ တို့က သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရှေ့မှောက်တွင် တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းများဖြစ်ကြောင်းနှင့် ယင်းတိုက်ခန်းသုံးခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးမေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (LL.B)	ဒေါ်ကြည်ကြည်မျိုးဝင်း	ဒေါ်နှင်းမြအေး
တရားရုံးချုပ်ရှေ့နေ	(စဉ်-၂၈၇၃၄)	(စဉ်-၃၀၂၈၅)
(စဉ်-၅၇၇၃)		

အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ်၁လမ်း၊ အမှတ်၁၀(က)၊ ၁၂(က/ခ)ဟုခေါ်တွင်သော သုံးခန်းတွဲ ၃½ထပ်တိုက် အဆောက်အအုံမှ ကန်ထရိုက်တာရပိုင်ခွင့်ရှိသည့် မြေညီထပ်တိုက်ခန်းသုံးခန်းနှင့် ဒုတိယထပ် အလယ်ခန်းတစ်ခန်း၊ စုစုပေါင်းတိုက်ခန်းလေးခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာဦးလှကျော် ၁၂/တမန(နိုင်) ၀၉၁၁၂၆ထံမှ ဒေါ်အေးအေးမေ ၁၂/လမန (နိုင်) ၁၄၆၁၂၈နှင့် ဦးစည်သူ ၁၂/လမန(နိုင်) ၁၃၇၈၇၉တို့က မြေပိုင်ရှင်နှင့်သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရှေ့မှောက်တွင် တန်ဖိုးငွေ အပြေအကျေပေးချေ၍ ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းများဖြစ်ကြောင်းနှင့် ယင်းတိုက်ခန်းလေးခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးအေးမေ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (LL.B)	ဒေါ်သန္တာစိုး	ဒေါ်လှတင်
တရားရုံးချုပ်ရှေ့နေ	(စဉ်-၂၄၀၄၆)၊	(စဉ်-၂၇၅၃၀)
(စဉ်-၅၇၇၃)		

အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄။

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော် ၇လမ်း၊ တိုက် ၂၃၊ အခန်း ၄၀၂ ၏ လက်ရှိပိုင်ရှင် ဦးရဲမြင့်ဖေ ၁၂/ဒဂန(နိုင်)၀၁၈၂၁၀၏ ယင်းအခန်းပိုင်ဆိုင်မှုစာချုပ်၊ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ၄င်းအခန်း၏ပိုင်ဆိုင်မှုအား ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-
ယုဇနစင်တာအမှတ်(၁၃၀) တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၅။

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အုတ်တွင်း၌ ပဲကြားနေကြာသီးညှပ် သရုပ်ပြစိုက်ပျိုး

အုတ်တွင်း ဒီဇင်ဘာ ၁၂

ပဲကြားနေကြာသီးညှပ် စနစ်တကျ သရုပ်ပြစိုက်ပျိုးပွဲကို နိုဝင်ဘာ ၂၇ရက် နံနက်က ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်း ကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းမဘေး ကွင်းအမှတ်(၃၀၈) တက်ပြောက်ကွင်း တောင်သူဦးကျော်ထွေး၏ လယ်မြေနှစ်ကေ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစောစိန်ဝင်းက မတ်ပဲစိုက်ပျိုးပုံနည်းစနစ်နှင့် ပဲကြားနေကြာ သီးညှပ်စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဆွေးနွေးရာ ဒေသခံတောင်သူများက ပဲကြားနေကြာသီးညှပ် စနစ်တကျ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။ ***(အပေါ်ပုံ)*** *(၁၁၆)*

စာပေဟောပြောပွဲ
ကော့သောင်း၌ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၃၀

၁၃၇၁ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ကော့သောင်းမြို့ အထက(၁)မြတ်ရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က စာနယ်ဇင်းဗဟိုမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရှိန်၊ ဦးသိန်းဘဏ် (စာနယ်ဇင်း)နှင့် ဦးယုနိုင် (စာနယ်ဇင်း)တို့က စာပေရေးရာ ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်တုန်း ဒီဇင်ဘာ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်း၏ ၂၀၀၉ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဘဏ်ခွဲရုံး၌ ဒီဇင်ဘာ ၉ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညောင်တုန်း၌ ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၉ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို သတ်မှတ်ရက်အတွင်း အစောဆုံးအပြေအကျေ ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထို့နောက် ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းဟန်နှင့် ဧရာဝတီတိုင်းမန်နေဂျာ ဦးခင်မောင်လွင်တို့က ၂၀၀၉ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အကျေအလည်ပြန်လည်ကောက်ခံရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်မန်နေဂျာများကလည်း မြို့အလိုက် ဘဏ်ချေးငွေများပြန်လည်ကောက်ခံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက မြို့နယ်ဘဏ်ခွဲမန်နေဂျာများ၏ တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(၁၅၂)**

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်မြေသားလမ်းများ ဆောင်ရွက်ရန် အဖွဲ့ပိုင်ယန္တရားများကြွခိုင်ရေး ပြုလုပ်မှုကို နိုဝင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၄ရက်က သရက်ခရိုင် မင်းတုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက မင်းတုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွှန့်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(ESCAP) ၏ အမှုဆောင်အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့် အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက် ကြသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန် ၁၄-၁၂-၂၀၀၉

ဟားခါး	၀	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၁	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၅	ဒီဂရီစင်တီဂရိတ်
လားရှိုး	၆	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့် အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)